
# နေ့စဉ်တွက်ဝတာ မှတ်စရာ

## လူတိုင်းအတွက် ပညာရေး




အမှတ် ၅ မေလ ၂၀၀၇

# မက်ပ်ဖောင်ဒေးရှင်းသည် မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေပါသနည်း။

ယနေ့ကာလ ထိုင်းနိုင်ငံတွင် အဲန်ဂျီအိုအဖွဲ့(အစိုးရမဟုတ်သောအဖွဲ့အစည်း) မြောက်များစွာအခြေ စိုက်လှုပ်ရှားနေကြပါ သည်။ လူ့အခွင့်အရေးအကျိုး ပလုပ်ငန်းများ ဆောင်ရွက်နေကြသော ထိုအဖွဲ့အစည်းတို့ သည် လူထုစားဝတ်နေထိုင်မှုဘဝနှင့် လူမှုအသိုင်းအဝန်းပိုမိုဖွံ့ ဖးတိုးတက်ကောင်းမွန်လာရေးတို့ကိုပါအ ထောက် အကူ ပလျက်ရှိကြပါသည်။ အချို့အဲန်ဂျီအိုအဖွဲ့များသည် သဘာဝပတ်ဝန်းကျင်ရေးရာကိစ္စရပ် များတွင် ၊ အချို့မှာဒီမိုကရေစီဖွံ့ ဖးရေးတိုးတက်မြ င့်တင်ရေးကိစ္စရပ်များတွင် လှုပ်ရှားဆောင်ရွက် လျက်ရှိကြပြီး အချို့အဖွဲ့များသည် လူထု၏အနာဂတ်ဘဝအာမခံချက်ခိုင်မာရေး အထောက် အကူဖြစ်စေရန် ရေးရှု၍လုံ လောက်သောဝင်ငွေ ရရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးကူညီနိုင် ရေးအတွက်ဒေသ ခံလူ့ အသိုင်းအဝိုင်းများနှင့် လက်တွဲလုပ်ကိုင်နေကြပါသည်။ မက်ပ်ဖေါင်ဒေးရှင်းသည်လည်း မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ၏ ဘဝရေးရာ ကိစ္စရပ်များအတွက် အလေးထားဆောင်ရွက် ပေးလျက်ရှိသော အဲန်ဂျီအိုအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

ယနေ့လက်ရှိအချိန်တွင် ထိုင်းနိုင်ငံအတွင်း၌ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားဦးရေ တစ်သန်းခွဲကျော် ရောက်ရှိနေထိုင်အလုပ်လုပ်ကိုင်နေကြသည်ဟု ခန့်မှန်းရပါသည်။ မြန်မာနိုင်ငံမှတိုင်း ရင်းသားလူမျိုးစုများ အများစုပါဝင်သော မက်ပ်ဖေါင်ဒေးရှင်း လုပ်ငန်းအဖွဲ့သားများသည် ထိုင်းနိုင်ငံအတွင်း ရှိ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမှီသမျှ ကောက်ယူစုဆောင်း၍ ရွှေ့ပြောင်းအလုပ်သမား များ၏ဘဝတိုးတက်မြ င့်တင်ရေးလုပ်ငန်းကို ကးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုအလုပ်သမားများအတွက် ရည်ရွယ်၍ သက်ဆိုင်ရာကိစ္စရပ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး နိုင်ရန် လက်ကမ်းစာစောင်များ ပိုစတာများ ကက်ဆက်ခွေ စီဒီခွေများ စာစောင်မဂ္ဂဇင်းများကိုမပြတ်စီစဉ် ထုတ်လုပ်ဖြန့်ချီပေးလျက်ရှိပါသည်။ ထို့အပြင်ပညာပေးအစီအစဉ်များကို အက်ဖ်အမ်ရေဒီယိုလှိုင်းမှလည်းအ သံလွှင့်လျက်ရှိပါသည်။ ပညာပေးလုပ်ငန်းအစီအစဉ်များတွင် အောက်ပါကိစ္စရပ်များပါဝင်ပါသည်။

- အလုပ်သမားအခွင့်အရေး (အလုပ်သမားစည်းမျဉ်းနှင့်ဥပဒေများ)
- အမျိုးသမီးအခွင့်အရေး (ကျား မတန်းတူညီမျှရေး နှင့်မျိုးပွားမှုဆိုင်ရာအခွင့်အရေးများ)
- ရွှေ့ပြောင်းခြင်း မူဝါဒ နှင့် ရွှေ့ပြောင်းအလုပ်သမားများမှတ်ပုံတင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ
- ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ (အိပ်ခ်ျအိုင်ဗွီ အေအိုင်ဒီအက်စ်၊ ပ ိသန္ဓေတားဆေးအသုံး ပခြင်း နှင့်လုပ်ငန်းခွင်လုံ ခံရေးနှင့်ကျန်းမာရေး
- ပညာရေး မူဝါဒများ (သက်ကြီးပိုင်းနှင့် ကလေးသူငယ်များအပါအဝင်)

အကယ်၍ သင့် အနေဖြင့် မက်ပ်ဖေါင်ဒေးရှင်းမှထုတ်လုပ်သောပညာပေးစာစောင်များ တိပ် ခွေစီဒီခွေများ ရယူလိုလျှင်သော် ၊ ပညာပေးရေဒီယိုအစီအစဉ် ထုတ်လွှင့်ချိန် အချိန်ဇယားများသိ ရှိလို လျှင်သော် မက်ပ်ရုံးနှင့်ဆက်သွယ်နိုင်ပါသည်။ အဆိုပါ စာစောင်များ တိပ်ခွေ စီဒီခွေများ ရေဒီယို

အစီအစဉ်များကို ဖတ်ရှု နားဆင်ပြီးနောက် မက်ပ်အနေဖြင့်အနာဂတ်တွင် ပိုမိုကောင်းမွန်သောအစီအစဉ်များစီစဉ်ဆောင်ရွက်နိုင်ရန်အတွက် သင်၏ထင်မြင်ချက်ဝေဖန်အကြံ ပြုချက်များကို မက်ပ်ရုံးသို့ပေးပို့ပြန်ကြားပေးစေလိုပါသည်။

ရွှေ့ပြောင်းလုပ်သားများမည်သို့ ကားစားရုန်းကန်နေကြရပြီး မည်မျှခက်ခဲပင်ပန်း၍မည်မျှအလုပ်များကြသည်ကို ကျွန်ုပ်တို့မက်ပ်ဖောင်ဒေးရှင်းမှနားလည်ပါသည်။ ကျွန်ုပ်တို့သည် သင်တို့နှင့်ပုံမှန်တွေ့ဆုံခွင့်ရ ရန်လည်းမျှော်လင့်ပါသည်။ လောလောဆယ်အားဖြင့် သင်တို့ထဲမှတချို့နှင့်အခါအား လျော်စွာတွေ့ဆုံ၍ နီးနှောဆွေးနွေးပွဲများကျင်းပကာ သင်တို့နှင့်ပတ်သက်သည့်အကြောင်းအရာပြဿနာများ အထူးသဖြင့်အမျိုးသမီးရေးရာ ကိစ္စရပ်များအလုပ်သမားအခွင့်အရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကိုအပြန်အလှန်အမြင်ချင်းဖလှယ်ပြောဆိုနိုင်ခဲ့ကြပါသည်။ ထို့ပြင် မက်ပ်ဖေါင်ဒေးရှင်းအနေဖြင့်ရွှေ့ပြောင်းအလုပ်သမားများအတွက် အရေးပေါ်ကိစ္စရပ်များတွင်တတ်အားသမျှ အကူအညီပေးနေပါသည်။ ဆေးရုံဆေးခန်းများတွင် စကားပြန်ပေးခြင်း လိုအပ်သလိုအထောက်အကူ ပပေးခြင်းများ ပလုပ်ပေးနေပါသည်။ မက်ပ်ရုံးသို့ ဖုန်းဆက်ပါကသို့မဟုတ် လာရောက်ဆက်သွယ်ပါကမည်သည့်ပြဿနာအကြောင်းအရာအသေးအဖွဲပင်ဖြစ်စေကာမူ ကျွန်ုပ်တို့အနေဖြင့် သင်တို့ကို ကူညီရန်အတတ် နိုင်ဆုံး ကားစားဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ကြရစဉ်၌ ၊ ထိုင်းနိုင်ငံတွင်း မှီခိုနေထိုင်လုပ်ကိုင်ကြရာတွင် ရွှေ့ပြောင်းလုပ်သားများ၌ဘဝပြဿနာအခက်အခဲပေါင်းများစွာ ရင်ဆိုင်ခဲ့ကြ ရင်ဆိုင်နေကြရဆဲ ဖြစ်သည်ကိုကျွန်ုပ်တို့သိမြင်ပါသည်။ ထိုမျှသာမက ကျွန်ုပ်တို့၏အခြားသိမြင်တွေ့ ကံချက်တစ်ရပ်မှာ မည်သည့်နေရာတွင်မည်သို့ပင်အခက်အခဲရှိနေစေကာမူ ဘဝတူလုပ်သားအချင်းချင်းတစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီကြခြင်းဖြင့်သွေးစည်းခိုင်မာသောရွှေ့ပြောင်းအလုပ်သမားလူ့အသိုင်းအဝိုင်းများအဖြစ်ဆက်လက်ရပ်တည်ရုန်းကန်အသက်ရှင်နိုင်စွမ်းရှိလာကြ ခြင်းပင်ဖြစ်သည်။ မက်ပ်ဖောင်ဒေးရှင်းသည်ရွှေ့ပြောင်းအလုပ်သမားများကို စေတနာအပြည့်ဖြင့် ထောက်ပံ့ကူညီရေးတက် ကစွာပါဝင်ထမ်းဆောင်လို သောဆန္ဒရှိပါသည်။ ဘဝတူရွှေ့ပြောင်းအလုပ်သမားအသိုင်းအဝိုင်းများအကြားအပြန်အလှန်ဆက်သွယ်ပေးခြင်းဖြင့် ကျွန်ုပ်တို့အားလုံးသည် အခက်အခဲပြဿနာများကို အတူတကွမျှဝေဖလှယ်သိမြင်နိုင်လာကြမည်ဖြစ်ပြီး ထိုဘဝအခက်အခဲအခြေအနေများကိုရင်ဆိုင်ဖြေရှင်းရုန်းကန်ကျော်လွှားနိုင်မည့်နည်းလမ်းများကိုလည်း အချင်းချင်းထံမှ လေ့လာသိရှိနိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့အား မက်ပ်ရုံးမှတဆင့် အမြဲဆက်သွယ်နိုင်ပါသည်။ ကျွန်ုပ်တို့သည်ရွှေ့ပြောင်းအလုပ်သမားများဖြစ်သကဲ့သို့ သင်တို့သည်လည်းရွှေ့ပြောင်းအလုပ်သမားများပင်ဖြစ်ကြသဖြင့် ဘဝတူများပင်ဖြစ်သည်။ ဘဝတူများအချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီနိုင်ကြစေရန် အဆက်အသွယ်မပြတ်ပါစေနှင့်။

# မာတိကာ

**နိဒါန်း** | **စာမျက်နှာ**


- အမှာစာ ၆
- လူတိုင်းအတွက် ပညာရေး ၇
- ထိုင်းနိုင်ငံသားမဟုတ်သော ရွှေ့ပြောင်းနေထိုင်သူများအတွက် ပညာရေးစနစ် ၉
- ကျောင်းသားကျောင်းသူများ၏ပညာရေးအမြင် ၁၅
- ရွေးချယ်နိုင်သော ပညာရေး (မိမိနှင့်ကိုက်ညီသည့် ရွေးချယ်စရာ ပညာရေး) ၁၉
- ရွေးချယ်ခွင့်ရှိသော မိသားစုပညာရေး ၂၂
- အနုပညာဖြင့်သင်ကြားခြင်း ၂၄
- ဒေသခံလူထု စီမံခန့်ခွဲသော ပညာရေး ၃၀
- အောင်လက်မှတ်အဆင့် စာမေးပွဲစစ်ခြင်း ၃၂
- ကလေးတိုင်းကို ကျောင်းအပ်ပါ ၃၄
- ဒေသဆိုင်ရာအုပ်ချုပ်ရေးရုံးမှထုတ်ပေးသော ကျောင်းသားမှတ်ပုံတင်ကဒ် ၃၉
- ပညာရေးရန်ပုံငွေ ၄၀
- ကလေးမမွေးဖွားမီ မှတ်ပုံတင် စာရင်းပေးသွင်းရန် ပြင်ဆင်သင့်သည့်အရာများ ၄၂

# နိဒါန်း

“ကလေးတို့သည် နိုင်ငံတော်၏ အနာဂတ်ပန်းကောင်းများဖြစ်သည်” ဆိုသည့်စကားကိုအားလုံး ကြားဖူးမှာပါ။ ကျွန်ုပ်တို့ကြားရတော့လည်း ကြီးကျယ်သော တာဝန်တစ်ရပ်ကဲ့သို့ ပင်ဖြစ်သည်။ ကျွန်ုပ်တို့တစ်ခါပြန်ပြီး ဆန်းစစ်သုံးသပ်ကြည့်မယ်ဆိုရင် လူကြီးတို့သည် ကလေးလူငယ်များအတွက် စွမ်းရည် ဖွံ့ ဖြိုးတိုးတက်ဖို့ ဘယ်လောက်ထိ ဆောင်ရွက်နေပြီလဲ၊ ယနေ့အချိန်မှာ “စွမ်းရည်မြင့်တင်ပေးပါမှ သူတို့ရဲ့ဘဝဟာအနဂတ်မှာသာယာလှပနိုင်မည် “ ကလေးတို့၏ အခြေခံအခွင့်အရေးကို လစ်လျူရှုထားမယ်ဆိုရင် လူသားတိုင်းဟာ ဘယ်နေရာမှာ မွေးဖွားသည်ဖြစ်စေ လူမျိုးဘာသာမခွဲခြားဘဲ အားလုံးတန်တူအခွင့်အရေးရှိသည်မှာ အမှန်ဖြစ်သည်။ ကလေးလူငယ်တိုင်းစွမ်းရည်မြင့်မားရန် အခွင့်အရေးအပြည့်အဝရှိသည်။ ကလေးအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရမည် (ဥပမာ) အခြေခံအခွင့်အရေး ပညာရေးအခွင့်အရေး၊ ကျန်းမာဘေးကင်းလုံခြုံစွာနေထိုင်နိုင်ရေး၊ ကျန်းမာရေးအ ခွင့်အရေးနှင့် လူ့အခွင့်အရေးဖြစ်သည်။ လွန်ခဲ့သောအတိတ်ကာလတွင် ကလေးအခွင့်အရေးကို လူအများတို့သည် လစ်လျူရှုထားကြပြီး၊ ဥပဒေကို နားမလည်သေး၍လည်းတကြောင်း ဖြစ်နိုင်သည်။ သို့မဟုတ် အယူအဆကွဲပြားနေ၍လားမသိ ကလေးလူငယ်များအခွင့်အရေးကို အိမ်မှာလည်းကောင်း၊ ရပ်ကွက်မှာလည်းကောင်း၊ လူ့အဖွဲ့အစည်းမှာလည်းကောင်း ထင်သ လောက် အသိအမှတ်မပြုကြ၊ အလေးမထားခဲ့ကြပါ။

ဤအကြောင်းကိုအခြေခံ၍ ဒီစာအုပ် ဖြစ်မြောက်ဖို့ စီစဉ်ထုတ်ဝေရခြင်းဖြစ်သည်။ ဥပဒေ ကိုအကြောင်းကို နားလည်စေလို၍တကြောင်း၊ ကလေးသူငယ်နှင့်ဆိုင်သည့် သတင်းအချက် အလက်များကို စု စည်း ပြီး လက်စွဲစာအုပ်အဖြစ် အခက်အခဲပြဿနာကို အတူတကွအဖြေရှာသွားလို၍တကြောင်းဖြစ်သည်။ ကျွန်ုပ်တို့ယုံကြည်သည်မှာ အကယ်၍ရွှေ့ပြောင်းအလုပ်သမား တို့ တိကျသေချာပြည့်စုံသော လက်စွဲစာအုပ်ဖြစ်သည့်သတင်းအချက်အလက်ရှိပါက သူတို့ အတွက်ရှေးသို့ဆက်ရန် အင်အားအဖြစ် အသုံးချနိုင်မည်။ ကလေးလူငယ်တို့၏ စွမ်းရည်ကို အမှန်တကယ်မြှင့်တင်ပေးချင်က ကလေးလူငယ်တို့၏ အခွင့်အရေးကို အလေးထား၍ အကျိုးရှိစွာ အသုံးချစေချင်သည်။

တိုင်းရင်းသားအလုပ်သမားကျန်းမာရေးနှင့် ပညာပေးအစီ အစဉ်သည် လွန်ခဲ့သော (၁၀) နှစ်ကတည်းက အလုပ်သမား တို့နှင့် အမြဲတမ်းထိတွေ့မှု၊ စည်းလုံးညီညွတ်မှုရှိပြီး အလုပ်သမားတို့အခွင့်အရေးကို လည်းကောင်း၊ ကလေးလူငယ်အခွင့်အရေးကိုလည်းကောင်း၊ အမျိုးသမီး များအခွင့်အရေးကိုလည်းကောင်း၊ အလုပ်သမားကျန်းမာရေးအခွင့်အရေးနှင့် လူတို့၏အခြေခံ အခွင့်အရေးကိုလည်းကောင်း လက်တွဲလုပ်ကိုင်နိုင်ခဲ့သည်မှာ ယနေ့တိုင် ကျယ်ပြန့်စွာတတ်နိုင်သလောက် အား ကးမာန်တက်လုပ်ဆောင် နေဆဲဖြစ်ပါသည်။

တရားမျှတမှုကို ရှေးရှု၍
စာအုပ်ဖြစ်မြောက်ရေးကော်မတီ
မက်ပ်ဖောင်ဒေးရှင်း

# လူတိုင်းအတွက် ပညာရေး

ပညာရေးဆိုင်ရာအခွင့်အရေးသည် အခြေခံလူ့အခွင့်အရေးဖြစ်ပြီး ဖိနှိပ်ခွဲခြားဆက်ဆံမှု မရှိစေပဲလူတိုင်း ရရှိခံစားရမည်ဖြစ်သည်။ လူတစ်ဦးသည် မည်သည့်နေရာ၌ မွေးဖွားသည်၊ မည်သည့်လူမျိုး၊ ဘာသာကို ကိုးကွယ်ယုံကြည်သည်ဖြစ်စေ၊ ပညာရေးအခွင့်အရေးကို အားလုံးတန်းတူညီမျှခံစားခွင့်ရှိလေသည်။ အမှန်အတိုင်းပြောရမည်ဆိုလျှင် ထိုင်းနိုင်ငံသည် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာသဘောတူစာချုပ်ထဲတွင် ပါဝင်လက်မှတ် ရေးထိုးထား ခြင်းကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပြီး ဥပမာအားဖြင့်

**လူ့အခွင့်အရေး သဘောတူစာချုပ်တွင် လူသားတိုင်း တန်းတူညီမျှသော အခွင့်အရေး ခံစားပိုင် ခွင့်ရှိရမည်။**

**1**


လူတိုင်း ပညာသင်ယူပိုင်ခွင့် အပြည့် အဝရှိစေရမည်။ အထူးသဖြင့် မူလတန်းကျောင်းကလေးများအတွက် အားလုံးအခမဲ့ ပညာရေးဖြစ်သည်။ မဖြစ်မနေ ကလေးများအားလုံး အခြေခံပညာ မူလတန်း ကျောင်းတက်ရောက်လေ့လာသင်ကြားရမည်ဖြစ်သည်။ စာသင်ခန်းတိုင်းတွင်လည်း မည်သည့်ကလေးတိုင်းအတွက်မဆို ပညာသင်ယူနိုင်ဖို့ အခွင့်အရေးထားရှိရမည်။

**2**

ပညာရေးအတွက်စီမံခန့်ခွဲရာတွင်လူသားတို့၏ အရင်းအမြစ် ဖွံ့ ဖးတိုးတက်ရေးကို အခြေခံပြီးအပြည့်အဝဆောင်ရွက်ရမည်ဖြစ်သည်။ လူ့အခွင့်အရေးကို အားလုံးလေးစားရမည်ဖြစ်ပြီး ပညာရေးစီမံခန့် ခွဲရာတွင် ကျောင်းသား၊ သူများအတွက် ကြံ့ခိုင်ဖွံ့ ဖးရေးပါတည်ဆောက်ရမည်ဖြစ်သည်။ ကမ္ဘာကြီးငြိမ်းချမ်းမှုရှိအောင် တည်ဆောက်ရမည်။

**3**


မိဘများသည် သားသမီးများအတွက် ပညာရေးအဆင့်အတန်းကို ရွေးချယ်ပေးပိုင်ခွင့်ရှိသည်။



**ကလေးများနှင့်သက်ဆိုင်သော သဘောတူစာချုပ် အပိုဒ် ၂၈**

**1**

အစိုးရတိုင်းသည် ကလေးတို့၏အခွင့်အရေးကို အလေးထားပြီး ကလေးအခွင့်အရေးအတွက်ထိရောက်အကျိုး



ရှိစွာဆောင်ရွက်ရန်အတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ အောက်ပါအတိုင်းဆောင် ရွက်သည်။

■ အခြေခံပညာမူလတန်းကျောင်းသည် ကလေးသူငယ်တို့ မဖြစ်မနေသင်ယူရမည့် အခမဲ့ပညာရေးဖြစ် သည်။

■ အလယ်တန်းကျောင်းသည် “ဖွံ့ ဖြိုးတိုးတက်သောအသက်မွေးဝမ်းကျောင်းပညာ” ဖြစ်ပြီးအကန့်အသတ်မရှိပဲ လက်ခံသင်ယူနိုင်သည်။ ဖွံ့ ဖြိုးတိုးတက်သောခေတ်နှင့် အညီ အခမဲ့ဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမည်။ အရေးကြီးပါက သင်ယူသူအတွက် ပါငွေကြေးထောက်ပံ့ကူညီရမည်။

■ အဆင့်မြင့်ပညာရေးကျောင်းတွင်လည်း ၄င်းအတူ အခွင့်အရေးများကို ကန့်သတ်မှုမရှိစေဘဲ ကလေးတို့၏ အရည်အချင်း စွမ်းဆောင်နိုင်သလောက် သင်ယူမှုအခြေအနေနှင့် နေရာဒေသတို့ကို ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရမည်။

## စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့်ဆိုင်သော နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ် ၁၃

❶

အစိုးရမှ လူတိုင်း၏ ပညာရေးအခွင့်အရေးကို အသိအမှတ်ပြုရမည်။ ပညာရေးစီမံခန့်ခွဲရာတွင်ဖွံ့ ဖြိုးတိုးတက်မှုကို အခြေခံပြီး လူ့ဂုဏ်သိက္ခာနှင့် အညီပံ့ပိုးကူညီရမည်။ ထို့အတူ လွတ်လပ်မှုနှင့် လူ့အခွင့်အရေးကို အလေးထားပြီး ပညာရေးသည် လူတိုင်းအတွက် တန်းတူညီမျှမှု လူ့အသိုင်းအဝိုင်းတွင် ပူပေါင်းပါဝင်မှု၊ နိုင်ငံတကာ အနေဖြင့် ချစ်ကြည်ရေးတည်ဆောက်ရာတွင်လူမျိုး၊ ဘာသာမခွဲခြားဘဲ ကမ္ဘာကြီး ငြိမ်းချမ်းမှုရှိအောင် အားပေးအားမြှောက် ပသင့်သည်။

❷

အစိုးရမှပညာရေးအခွင့်အရေးကို အားပေးဆောင်ရွက်ပြီး အောက်ပါအတိုင်းစီမံခန့်ခွဲသည်။

က။ အခြေခံအဆင့်သည် လူတိုင်းအတွက် အခမဲ့သင်ယူနိုင်သည်။

ခ။ အလယ်တန်း၊ အထက်တန်းအဆင့်ပညာရေးပိုင်းတွင် မိမိနှင့်ကိုက်ညီသော ပညာရေးအစီအစဉ်ကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့် ပြင်ပကျောင်းတွင်လည်းနေရာဒေသအခြေအနေအပေါ် ကိုက်ညီမှုရှိပြီးဖွံ့ ဖြိုးတိုးတက်အောင် အခမဲ့အဆင့်သို့စီစဉ်ဆောင်ရွက်ရမည်။

၇။ လူတိုင်းတွင် အခွင့်အရေးရှိသည်။ တက္ကသိုလ်အဆင့်ထိ တန်းတူသော အခွင့်အရေးအဖြစ် မိမိတတ်စွမ်းနိုင်သော အဆင့်ထိ ကိုက်ညီမှုဖြစ်အောင်ဆောင်ရွက်မည်။

၂၅၄၀ ခုနှစ် ထိုင်းနိုင်ငံအခြေခံဥပဒေတွင် အပိုဒ် (၄၀) ကိုအသုံးမပြုတော့ပါ သို့သော် ယခုဥပဒေအသစ်ကိုရေးဆွဲနေချိန်တွင် လူတိုင်းသည် စည်း လုံးညီညွတ်စွာဖြင့် ပညာရေးအခွင့်အရေးရရှိရမည်။

**လူတိုင်းတန်းတူသောအခွင့်အရေးရှိသည် အခြေခံအားဖြင့်အသက် ၁၂နှစ်အောက် ကလေးသူငယ်များအတွက်ထိုင်းသက္ကရာဇ် ၂၅၄၂ ခုနှစ် အပိုဒ် (၄၀) ဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း ပညာရေးစီမံခန့်ခွဲရာတွင် လူတိုင်းတန်းတူအခွင့်အရေးရှိပြီး အခမဲ့ပညာသင်ယူနိုင်သည်။**

**အသက်(၁၂)နှစ်အောက် ကလေးလူငယ်များအတွက် အစိုးရမှ ပညာရေးစွမ်းရည်မြ ှင့်တင်ပေးရန် လူတန်းစားအလွှာအသီးသီးမှ ကလေးလူငယ်များအတွက်အခမဲ့ပညာရေးကို ဆောင်ရွက်ပေးရမည်။**

---

## ထိုင်းနိုင်ငံသားမဟုတ်သော ရွှေ့ပြောင်းနေထိုင်သူများအတွက် ပညာရေးစနစ်

(ထိုင်းနိုင်ငံပညာရေးဝန်ကြီးဌာန၏ဇူလိုင်လ ၅ ရက် ၂၀၀၅ ခုနှစ်နေ့စွဲပါထုတ်ပြန်ကြေငြာချက်)

### ပညာသင်ကြားခွင့်

ထိုင်းနိုင်ငံတွင်နေထိုင်သော ထိုင်းနိုင်ငံသားမဟုတ်သည့်သူများအားလုံး ပညာသင်ကြားခွင့်ရှိသည်။ အဆင့်အတန်းမခွဲဘဲ မည့်သည့်အစိုးရစာသင်ကျောင်းတွင်မဆို တက်ရောက်နိုင်သည်။ သို့သော် ဒုက္ခသည်စခန်းနေသူ လူငယ်၊ ကလေးများမပါပါ။ (ထိုသူတို့အား UNHCR မှကြည့်ရှုထောက်ပံ့နေသောကြောင့်ဖြစ်သည်)

### ပညာသင်စားရိတ်

ပညာရေးဌာနမှ ထိုင်းနိုင်ငံသားမဟုတ်သောသူများအတွက် တက်ရောက်နေသည့် မူလတန်းကျောင်းမှ အထက်တန်းကျောင်းများအား ထောက်ပံ့မည်ဖြစ်သည့်အတွက် အစိုးရကျောင်းများတွင်သင့်တင့်လျောက်ပတ်သော ထောက်ပံ့ကြေး ရနိုင်သည်။ ဤကဲ့သို့ပညာသင်ယူနေစဉ် ထိုင်းနိုင်ငံသားကလေးများကဲ့သို့ တန်းတူပညာသင်ကြားခွင့်ရှိသည်။

## ကျောင်းသားမှတ်ပုံတင်လုပ်ပေးခြင်း

ကလေးများ၏ အိမ်ထောင်စုစာရင်း၊ နေထိုင်ခွင့်လက်မှတ်၊ မွေးစာရင်း နှင့် ကျောင်းသူကျောင်းသားများ၏ကိုယ် ရေးရာဇဝင် ကိုတောင်းပြီး ဂဏန်း ၁၃ လုံးပါသောကျောင်းသားမှတ်ပုံတင်ကဒ်ကိုစာသင်ကျောင်းမှ ထုတ်ပေးမည်ဖြစ်သည်။

## ရွှေ့ပြောင်း၍ ပညာသင်ယူခြင်း

ကျောင်းသူကျောင်းသားများသည် အခြား မြို့နယ်ရှိ ကျောင်းများသို့ရွှေ့ပြောင်း ပညာသင်ကြားခွင့်ရှိ သည်။ ခရီး သွားလက်မှတ်ခဏခဏ တောင်းစရာမလိုပါ။ သို့ သော်ကျောင်းသူကျောင်းသားများနှင့် သက်ဆိုင်သော စာရွက် စာတမ်း များယူသွားရမည်။ ( ဒုက္ခသည်စခန်းတွင်းနေ ကလေးများအတွက် အစိုးရပေါ်လစီအရ ခရီးသွားလာခွင့် ပိတ်ပင်ထားပြီးကျောင်းပြောင်းတက်ခွင့်မရပါ။) ဆိုလိုသည်မှာ ဒုက္ခသည်စခန်းအပြင်ဘက်သို့ထွက်၍ ပညာသင် ယူခြင်းကိုဆိုလိုသည်။

## အသက်မွေးဝမ်းကျောင်းပညာ

အစိုးရအဖွဲ့အစည်းရုံးများနှင့် အစိုးရအဖွဲ့အစည်းမဟုတ်သောအဖွဲ့ အစည်းများမှ ကလေးများလည်းအလုပ်သင် အဖြစ် လက်ခံသင်ကြားပေးရပါမည်။

## ကျောင်းအပ်ခံ့လိုအပ်သည့် အထောက်အထားများ

၁။ မွေးစာရင်းလက်မှတ်။


၂။ မွေးစာရင်းမရှိခဲ့လျှင် ဆေးရုံမှပေးသော မွေးဖွားသည့်လက်မှတ်အထောက်အထားနှင့် မြို့နယ်အစိုးရရုံးမှထုတ်ပေးသော လက်မှတ်တစ်မျိုးမျိုးရှိရမည်။

၃။ မွေးလက်မှတ်နှင့်ထောရော ၁ ၁ မရှိခဲ့ရင် မိဘ (သို့) အဖွဲ့အစည်းတစ်ခုခုမှ ကလေးငယ်၏ ကိုယ်ရေးရာဇဝင်အားရေးပေးရမည်။

၄။ အဖွဲ့အစည်းတစ်ခုခု(သို့)မိဘကလုပ်ပေးရန်မတတ်နိုင်ခဲ့သော် သွားရောက်တက်ရောက်မည့် ကျောင်းရှိ ကျောင်းဆရာ၊ဆရာမ များကလုပ်ပေးရမည်။

## တက်ရောက်ပညာသင်ကြားနိုင်သောနေရာများ

အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်း၊ ပညာသင်ပေးသောနေရာများ၊ အတတ်ပညာသင်တန်းကျောင်း၊ တက္ကသိုလ်၊ ပညာရေးနှင့်ပတ်သက်၍ လုပ်ဆောင်နေသော အဖွဲ့အစည်းမှ ဖွင့်လှစ်သော ကျောင်းများ။



## အောင်လက်မှတ်အထောက်အထား

ကျောင်းပြီးလျှင် ပညာအရည်အချင်း အထောက်အထားအောင်စာရင်းလက်မှတ်များရမည်။

## ကျောင်းသူကျောင်းသားများနှင့် သက်ဆိုင်သောကိုယ်ရေးရာဇဝင်

ကျောင်းသူကျောင်းသားများ တွင်ရှိသော သက်သေအထောက်အ




ထားနှင့်၄င်းတို့ နှင့် သက်ဆိုင်သောကိုယ်ရေးရာဇဝင်တစ်စုံတစ်ရာလွဲချော်နေပါက ကျောင်းမှဆရာ၊ဆရာမများကပြင်ပေးခွင့်ရှိပြီး ပြင်ပေးရမည်ဖြစ်သည်။

## ထိုင်းနိုင်ငံပညာရေးစနစ်

*ထိုင်းနိုင်ငံပညာရေးစနစ်သုံးမျိုးရှိသည်။*

၁။ ပုံမှန်တက်သည့်ကျောင်း ၊
၂။ သက်ကြီးကျောင်း (ပြင်ပကျောင်း)
၃။ အတတ်ပညာကျောင်း

## ပညာရေးသင်ကြားမှုအဆင့်ဆင့်

♦ ကလေးအသက် ၃နှစ်တွင် စတင်တက်ရောက်နိုင်သည့် ၃ နှစ်တာ မူ ကကျောင်း

♦ ၆ နှစ်တာ တက်ရောက်ရမည့်မူလတန်းကျောင်း ( ပထမတန်းမှ ခြောက်တန်း )

♦ ၃ နှစ်တာ တက်ရောက်ရမည့်အလယ်တန်းကျောင်း

♦ အထက်တန်းကျောင်း တွင်ရွေးချယ်နိုင်သည့် နည်းလမ်း ၂ မျိုးရှိသည်။

## ပထမနည်း (ပုံမှန်ကျောင်းတက်ခြင်း)

♦ ၃ နှစ်တာ တက်ရောက်ရမည့်အထက်တန်းကျောင်း (မော ၄ မှ မော ၆ထိ )

♦ တက္ကသိုလ် ၄ နှစ် (ရိုးရိုးဘွဲ့)

♦ မာစတာဒီဂရီ ဘွဲ့လွန်သင်တန်း (၂ နှစ်ခွဲ )

♦ ပါရဂူဘွဲ့ (၁ နှစ်ခွဲ )

## ဒုတိယနည်း
## ( အသက်မွေးဝမ်းကျောင်း)

♦ ပေါဝေါချော အခြေခံအသက်မွေးဝမ်းကျောင်းပညာ **(ပဝဈ.)** အတွက် ၃ နှစ် (ဒီပလိုမာအောင်လက်မှတ်)

♦ ပေါဝေါစော် အဆင့်မြင့်အသက်မွေးဝမ်းကျောင်းပညာ **(ပဝဆ.)** အတွက် ၂နှစ်

♦ မာစတာဒီဂရီ ဘွဲ့လွန်သင်တန်း (၂ နှစ်ခွဲ )

♦ ဒေါက်တာဘွဲ့ (၁ နှစ်ခွဲ )


ဒီစာကတော့ ထိုင်းပညာရေး ဝန်ကြီးဌာနက ထိုင်းသက္ကရာဇ် (၂၅၄၈) ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ ကျောင်းသူ ကျောင်းသားများ ပညာ သင်ကြားရေး အတွက် သက်သေအ ထောက်အ ထား ဆိုင်ရာ မူဝါဒ ပဲဖြစ်ပါတယ်။ ကိုယ့် သားသမီးကို ကျောင်းသွား အပ်တဲ့ အခါ အဲဒီ ကျောင်းက လက်မခံဘူးဆိုယင် က လေးတိုင်းဟာ ကျောင်းနေခွင့် ရှိတဲ့ အကြောင်း ဒီထုတ်ပြန်စာကို သက် သေအဖြစ် ထုတ်ပြဖို့ပါ။

# ระเบียบกระทรวงศึกษาธิการ

## ว่าด้วยหลักฐานในการรับนักเรียนนักศึกษาเข้าเรียนในสถานศึกษา

## พ.ศ. ๒๕๔๘

---

โดยที่เป็นการสมควรปรับปรุงระเบียบเกี่ยวกับหลักฐานในการรับนักเรียน นักศึกษาเข้าเรียนในสถานศึกษาให้สอดคล้องกับกฎหมายว่าด้วยการศึกษาแห่งชาติและกฎหมายว่าด้วยการศึกษาภาคบังคับ เพื่อเป็นการเปิดโอกาสแก่บุคคลให้ได้รับการศึกษาอย่างทั่วถึง

อาศัยอำนาจตามความในมาตรา ๕ และมาตรา ๑๒ แห่งพระราชบัญญัติระเบียบบริหารราชการกระทรวงศึกษาธิการ พ.ศ. ๒๕๔๖ ประกอบกับมาตรา ๕ และมาตรา ๓๑ แห่งพระราชบัญญัติการศึกษาแห่งชาติ พ.ศ. ๒๕๔๒ แก้ไขเพิ่มโดยพระราชบัญญัติการศึกษาแห่งชาติ (ฉบับที่ ๒) พ.ศ. ๒๕๔๕ กระทรวงศึกษาธิการโดยความเห็นชอบของคณะรัฐมนตรีจึงวางระเบียบไว้ ดังต่อไปนี้

ข้อ ๑ ระเบียบนี้เรียกว่า "ระเบียบกระทรวงศึกษาธิการ ว่าด้วยหลักฐานในการรับนักเรียนนักศึกษาเข้าเรียนในสถานศึกษา พ.ศ. ๒๕๔๘ "

ข้อ ๒ ระเบียบนี้ให้ใช้บังคับตั้งแต่วันถัดจากวันประกาศในราชกิจจานุเบกษาเป็นต้นไป

ข้อ ๓ ให้ยกเลิกระเบียบกระทรวงศึกษาธิการว่าด้วยหลักฐานวัน เดือน ปีเกิดในการรับนักเรียนนักศึกษาเข้าเรียนในสถานศึกษา พ.ศ. ๒๕๓๕

ข้อ ๔ ในระเบียบนี้

"สถานศึกษา" หมายความว่า สถานพัฒนาเด็กปฐมวัย โรงเรียน ศูนย์การเรียน วิทยาลัย สถาบัน มหาวิทยาลัย หน่วยงานการศึกษาหรือหน่วยงานอื่นของรัฐหรือของเอกชน ที่มีอำนาจหน้าที่หรือมีวัตถุประสงค์ในการจัดการศึกษา

"หลักฐานทางการศึกษา" หมายความว่า เอกสารอันเป็นหลักฐานทางการศึกษาของนักเรียนนักศึกษา ได้แก่ ทะเบียนนักเรียนนักศึกษา สมุดประจำตัวนักเรียนนักศึกษา สมุดประจำชั้น บัญชีเรียกชื่อ ใบส่งตัวนักเรียนนักศึกษา หลักฐานแสดงผลการเรียน ประกาศนียบัตร หรือเอกสารอื่นใดในลักษณะเดียวกันหรือเอกสารที่กระทรวงศึกษาธิการกำหนดให้เป็นหลักฐานทางการศึกษา ตามระเบียบนี้

"องค์กรเอกชน" หมายความว่า สมาคม มูลนิธิ หรือองค์กรที่เรียกชื่ออย่างอื่นซึ่งจดทะเบียนเป็นนิติบุคคล

ข้อ ๕ ให้สถานศึกษาถือเป็นหน้าที่ ในการที่จะรับเด็กที่อยู่ในวัยการศึกษาตามกฎหมายว่าด้วยการศึกษาภาคบังคับ เข้าเรียนในสถานศึกษา

กรณีเด็กย้ายที่อยู่ใหม่ สถานศึกษาต้องอำนวยความสะดวก และติดตามให้เด็กได้เข้าเรียนในสถานศึกษาที่ใกล้กับที่อยู่ใหม่

ข้อ ๖ การรับนักเรียนนักศึกษาในกรณีที่ไม่เคยเข้าเรียนในสถานศึกษามาก่อน ให้สถานศึกษาเรียกหลักฐานอย่างใดอย่างหนึ่งตามลำดับเพื่อนำมาลงหลักฐานทางการศึกษา ดังต่อไปนี้

(๑) สูติบัตร

(๒) กรณีที่ไม่มีหลักฐานตาม (๑) ให้เรียกหนังสือรับรองการเกิด บัตรประจำตัวประชาชน สำเนาทะเบียนบ้านฉบับเจ้าบ้าน หรือหลักฐานที่ทางราชการจัดทำขึ้นในลักษณะเดียวกัน

(๓) ในกรณีที่ไม่มีหลักฐานตาม (๑) หรือ (๒) ให้เรียกหลักฐานที่ทางราชการออกให้ หรือเอกสารตามที่กระทรวงศึกษาธิการกำหนดให้ใช้ได้

(๔) ในกรณีที่ไม่มีหลักฐานตาม (๑) (๒) และ (๓) ให้บิดา มารดา ผู้ปกครอง หรือองค์กรเอกชนทำบันทึกแจ้งประวัติบุคคล ตามแบบแนบท้ายระเบียบนี้ เป็นหลักฐานที่จะนำมาลงหลักฐานทางการศึกษา

(๕) ในกรณีที่ไม่มีบุคคล หรือองค์กรเอกชนตาม (๔) ให้ซักถามประวัติบุคคลผู้มาสมัครเรียน หรือผู้ที่เกี่ยวข้อง เพื่อนำลงรายการบันทึกแจ้งประวัติบุคคลตามแบบแนบท้ายระเบียบนี้เป็นหลักฐานที่จะนำมาลงหลักฐานทางการศึกษา

ข้อ ๗ ให้สถานศึกษาจัดเก็บสำเนาเอกสารหลักฐานตามข้อ ๖ (๑) (๒) และ (๓) ซึ่งได้รับรองความถูกต้องแล้ว ไว้เป็นหลักฐาน และคืนต้นฉบับแก่ผู้ปกครอง

สำหรับหลักฐานบันทึกแจ้งประวัติบุคคล ตามข้อ ๖ (๔) และ (๕) ให้เก็บต้นฉบับไว้ที่สถานศึกษานั้น

ข้อ ๘ ในขณะที่นักเรียนนักศึกษายังศึกษาอยู่ในสถานศึกษา เมื่อปรากฏว่ามีหลักฐานตามกฎหมายว่าด้วยการทะเบียนราษฎร มาแสดงภายหลัง ให้สถานศึกษาแก้ไขหลักฐานทางการศึกษาให้เป็นไปตามหลักฐานดังกล่าว โดยถือปฏิบัติตามระเบียบกระทรวงศึกษาธิการว่าด้วยการนั้น

ข้อ ๙ การบันทึกในหลักฐานทางการศึกษา ให้สถานศึกษาปฏิบัติดังนี้

(๑) ในกรณีที่เป็นหลักฐานทางการศึกษาเป็นรายบุคคล เช่น สมุดประจำตัวนักเรียน นักศึกษา ใบส่งตัว ประกาศนียบัตร เป็นต้น ไม่ต้องบันทึกหมายเหตุใด ๆ

(๒) ในกรณีที่เป็นหลักฐานทางการศึกษาเป็นหลักฐานรวมที่ใช้บันทึกข้อมูลของนักเรียน นักศึกษาทั้งชั้นเรียน หรือจำนวนมากกว่าหนึ่งคน เช่น ทะเบียนนักเรียนนักศึกษา สมุดประจำชั้น บัญชีเรียกชื่อ เป็นต้น ให้หัวหน้าสถานศึกษาหรือผู้ได้รับมอบหมายบันทึกไว้เฉพาะในสมุดทะเบียนนักเรียนนักศึกษา โดยบันทึกลงในช่องหมายเหตุพร้อมกับลงนามกำกับข้อความว่า "ไม่มีหลักฐานตามกฎหมายว่าด้วยการทะเบียนราษฎร"

ข้อ ๑๐ให้ปลัดกระทรวงศึกษาธิการรักษาการให้เป็นไปตามระเบียบนี้ และให้มีอำนาจตีความและวินิจฉัยปัญหาเกี่ยวกับการปฏิบัติตามระเบียบนี้

ประกาศ ณ วันที่ ๕ กันยายน พ.ศ. ๒๕๔๘

จาตุรนต์ ฉายแสง

รัฐมนตรีว่าการกระทรวงศึกษาธิการ

# ကျောင်းသားကျောင်းသူများ၏ပညာရေးအမြင်

ဤအကြောင်းအရာသည် ချင်းမိုင် မြို့၌ ပညာသင်ယူနေသော ကျောင်းသားလူငယ်တစ်ဦး၏ အကြောင်းနှင့်အစိုးမှချမှတ်ပေးထားသည့် ပညာရေးပိုင်းဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် မူဝါဒများ အကြောင်းဖြစ်သည်။ ပညာရေးပိုင်း ဆိုင်ရာတွင်ရွှေ့ပြောင်းအလုပ်သမားတို့ သားသမီးများအား ပညာရေးဆိုင်ရာ အခွင့်အရေးပိုပြီး ရရှိစေရန်အတွက် ဖွင့်ပေးနေသော်လည်း တချို့ဒေသတွင် တာဝန်ရှိကျောင်းဆရာ ဆရာမများသည် ဥပဒေ စည်းမျဉ်းစည်းအတိုင်း ဆောင်ရွက်နေပြီး၊ အချို့စာသင် ကျောင်းများမှခွဲခြားမှုနှင့်အဂတိစိတ်ဖြင့် ရွှေ့ပြောင်းအလုပ်သမားတို့၏ သားသမီးတို့ကို ကျောင်း၌လက်မခံသေးသည်လည်း ရှိသေးပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့ ဆရာ၊ ဆရာမများသည် အစိုးရ၏ ဥပဒေ ပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို မသိနားမလည်သေး၍ဖြစ်သည်၊ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ရွှေ့ပြောင်းအလုပ်သမားများအားလုံးစုပေါင်းပြီး ပိုမိုနားလည်လာအောင်၊ အမြင်ကျယ်လာအောင် ရှေ့ဆက်၍လုပ်ဆောင်သွားလျှင် ကောင်းမည်ဖြစ်သည်။

**“ကျောင်းသားကျောင်းသူများ၏ ပညာရေးအမြင်”ခေါင်းစဉ်ဖြင့်** အတွေ့အကြုံရှိသော ကျောင်းသားတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ပညာရေးနှင့်ပတ်သက်၍ အလုပ်သမားမိဘများ ပိုမိုနားလည်လာအောင် သူ၏တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ဝေမျှပေးစေလို၍လည်းဖြစ်သည်။

***စာရေးသူ။ ဆုမ်ချိုင်း ဘယ်တုန်းက ကျောင်းစတက်လဲဆိုတာရယ်၊ ဘယ်နေရာမှာ ကျောင်းတက်ခဲ့သလဲဆိုတာကို နည်းနည်းပြောပြပေးပါလား။***


**ဆုမ်ချိုင်း။** ကျနော် ချင်းမိုင်က မူလတန်းကျောင်း လေးတစ်ကျောင်းမှာ စတက်ခဲ့တယ်။ အဲတုန်းက ကျနော့်အသက် (၁၁) နှစ်လောက်ရှိနေပြီ၊ ပြီးတော့ စာသင်ခန်းထဲမှာ ကျနော့်အသက် အကြီးဆုံးဖြစ်ပြီးတော့ တခြားကျောင်းသူ၊သားတွေ တော်တော်များများကတော့ အသက် (၇) နှစ် (၈)နှစ်လောက်ပါပဲ။ အဲတုန်းက တခါတလေတော့ စိတ်အားငယ်တာပေါ့၊ သိပ်ပြီးလည်း မသင်ချင်ဘူး၊ မနေ



ချင်ဘူး၊ ကျနော့် စိတ်ထဲမှာ ကျနော်ကအသက်ကြီး နေပြီးတော့ ဘာဖြစ်လို့ ကလေးတွေနဲ့ စာသင်နေရ တာလဲပေါ့။

***စာရေးသူ။ ကျောင်းစဝင်တုန်းက ဘယ်လိုမျိုးအခက်အခဲတွေကြုံရလဲ ။***

**ဆုမ်ချိုင်း။** အဲဒီအချိန်တုန်းက ထိုင်းစာသင်ကျောင်းမှာ သင်ခွင့်ရဖို့ တအားခက်တယ်။ ကျနော်ကိုယ်တိုင်ကဘာအထောက်အထား၊ ဘာလက်မှတ်လဲမရှိဘူးဆိုတော့ ကျောင်းတက်နိုင်ဖို့အတွက် မက်ပ်ဖေါင်ဒေးရှင်းရုံးကို အကူအညီတောင်းရတယ်။ ကျောင်းအုပ်ဆရာလည်း သဘောကောင်းလို့၊ နားလည်လို့ကျနော့်ကိုလက်ခံလိုက်တာ။ ကျနော် ကိုယ်၌ကလည်း အခက်အခဲရှိတယ်။ ဘာသာစကားအခက်အခဲပေါ့၊ ထိုင်းစကားလဲသိပ်မပြောတတ်ဘူး။သူများပြောတာလဲ နားမလည်ဘူး၊ သူငယ်ချင်းနဲ့ မိတ်ဖွဲ့လို့မရဘူး၊ ကျနော်က သူတို့ထက်ကြီးတယ်လေ၊ စာသင်ခန်းထဲမှာလည်း သူငယ်ချင်းအပေါင်းအသင်းနဲ့ရင်းနှီးလာဖို့ တော်တော်လေးအ ချိန်ယူရတယ်။




***စာရေးသူ။ ဆုမ်ချိုင်း အဲဒီကျောင်းမှာ ဘယ်နှစ်လောက်နေခဲ့လဲ ။***

**ဆုမ်ချိုင်း။** အဲဒီမူလတန်းကျောင်းမှာ ကျနော်(၄)နှစ်ပဲတက်ခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော့်အတွက်(၂)နှစ် လောက်ကို အတန်းကျော်စံနစ်နဲ့ အဆင့်ကျော်ခွင့်ပေးတယ်။ အဲဒီလိုအတန်းကျော်ဖို့အတွက် ကျနော့်ရဲ့ ပညာအရည်အ ချင်းမှတ်တမ်းထဲက ရခဲ့တဲ့အမှတ်တွေနဲ့ ကျောင်းတက်နှုန်းအပေါ်မှာ ပြန်ကြည့်တယ်။ အတန်းကျော်တက်တယ်ဆိုတော့ သူများတွေထက် ကျနော်ကပိုပြီး ကြိုးစားရတယ်။ ကျောင်းဆရာ၊ ဆရာမတွေက ကျွန်တော့်ရဲ့သင်ယူမှု၊ ကြိုးစားအားထုတ်မှု၊ အကျင့်စာရိတ္တနဲ့ အမှတ်ကောင်းမကောင်းလည်း ကြည့်သေးတယ်။ (၆)တန်းလောက်ပြီးတော့ ကျနော်ကျောင်းပြောင်းတက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မူလတန်းပြီးသွားလို့ အလယ်တန်းကိုဆက်တက်ရ တယ်။

***စာရေးသူ။ အလယ်တန်းကျောင်းကိုပြောင်းတော့ မူလတန်းကျောင်းတုန်းကလိုဘဲ အခက်အခဲတွေဘာတွေရှိလား။***

**ဆုမ်ချိုင်း။** ပထမပိုင်းတော့ ကျောင်းအုပ်ဆရာကြီးကပြောတယ်။ အာမခံပေးတဲ့သူ မက်ပ်ရုံးကဝန်ထမ်းတစ်ယောက်နဲ့ကျောင်းအထိလာပြီး ကျနော့်ကို အာမခံပေးခိုင်းတယ်။ ကျောင်းအုပ်ကပြောတယ် **"ရွှေ့ပြောင်းအလုပ်သမားကလေးတွေလာတက်ကြတယ်။ ဒါပေမဲ့ နည်းတယ်"** တဲ့။ ကျောင်းအသစ်ဆိုတော့ကျနော်တော်တော်လေးကို



လိုက်ပြီး ပ ပြင်ရတယ်။ ဒီထက်ဆိုးတာက အပေါင်းအသင်း တွေက အမြဲတမ်းကျနော့်ကို ရန်စကြတယ်။ အလယ်တန်းကျောင်းသားတွေဆိုတော့ လူငယ်လူရွယ် ဖြစ်လာပြီလေ ဘယ်လိုရန်ရှာသလဲဆိုရင် စတာနောက်တာ တော်တော်လေးကိုကြမ်းတမ်းတယ်၊ ကျနော့်ကိုလိုက်ပြီးရန်ရှာကြတယ်။ ကျနော်လည်း သူတို့နဲ့ဝေးဝေးရှောင်နိုင်သမျှ ရှောင်နေတယ်။ ပြန်ပြီးရန်မရှာရဲဘူး၊ အာမခံရဲဘူး။ ကျနော်ဒီအလယ်တန်းကျောင်းမှာလာတက်တာ အလယ်တန်းပြီးတဲ့ထိ (၃)နှစ်လောက်ပေါ့။

***စာရေးသူ။ ဆုမ်ချိုင်း အဲဒီမှာ ဘာတွေဆက်ပြီးလေ့လာရလဲ ။ နောက်ထပ် တတိယ ကျောင်းကိုပြောင်းပြီးတက်တော့ ကော ဘယ်လို မျိုးတွေ့ကံရသေးသလဲ ဆိုတာ ထပ်ပြောပြပါ အုံးလား။***

**ဆုမ်ချိုင်း။** ဟုတ်ကဲ့ အရင်တုန်းက ကြုံခဲ့တဲ့ပြဿနာတွေနဲ့သိပ်မကွာဘူး။ အသက်မွေးဝမ်းကျောင်း (ကောလိပ်ကျောင်းကို) စဝင်တော့ကျနော် ကြုံရတဲ့ ပြဿနာကတော့ကျနော် ဘယ်ကလာတယ်စသဖြင့်ပေါ့။ နိုင်ငံသားကဒ်ကျွန်တော့်မှာမရှိပဲ။ အထောက်အထားဆိုလို့ အလယ်တန်းအောင်လက်မှတ်ပဲရှိတယ်။ ကောလိပ်ကျောင်းမှာဝင်ပြီးပညာသင်ခွင့်ရတာအထက်ကအရာရှိကြီးတစ်ဦးကြောင့်လို့လဲပြောနိုင်တယ်။ မက်ပ်ဖေါင်ဒေးရှင်းကပဲ လာပြီးအာမခံလုပ်ပေးတယ်။ မက်ပ်ဖေါင်ဒေးရှင်းက ကျနော့်ရဲ့အကြောင်းကို ကျောင်းအုပ်ကိုပြောပြတယ်။ အခုလော လောဆယ်လည်းပဲ အထက်က နိုင်ငံသားစိစစ် နေတယ်ပေါ့၊ ဒါပေမယ့် ကောလိပ်ကျောင်းအနေနဲ့လည်း ကျနော့် အတွက် တစ်နှစ်ပြီးတစ်နှစ်နားလည်မှုနဲ့သက်တမ်းတိုးပေးတယ်။ ကျနော့်မှာ အထောက် အထား ပြနိုင်တဲ့ အချိန်ထိပေါ့။

ထိုင်းနိုင်ငံသားတွေအနေနဲ့ ထိုင်းနိုင်ငံထဲကကောလိပ်ကျောင်းတွေမှာပညာသင်ယူဖို့ ပြဿ

နာသိပ်မရှိဘူး။ ကောလိပ်ကျောင်းတွေ မှာလူတိုင်းအရွယ် ရောက်ကုန်ပြီဆိုတော့ နားလည်မှု ရှိကြပါတယ်။ ဒါပေမယ့် တချို့ပြဿနာတွေက တော့ အဖွဲ့လိုက် ကွင်းဆင်း အလုပ်လုပ်ရတဲ့ခါ တချို့ လူတွေက ကျနော့်ကို သိပ်မပေါင်းချင်ကြဘူး၊ သိပ် လက်မခံချင်ကြဘူး။ ဒါပေမယ့် သူငယ်ချင်းတွေအများစု ကတော့**"ကျနော်ဟာ ရွှေ့ပြောင်းအလုပ်သမားသားသမီးတစ်ယောက်ဆိုတာ"** သူတို့သိပ်မသိကြဘူး။

***စာရေးသူ။ ကျောင်းကသူငယ်ချင်းတွေက ဆုမ်ချိုင်းကို ထိုင်းလူမျိုး မဟုတ်မှန်းသိတော့ ဆုမ်ချိုင်းအနေနဲ့ ဘယ်လိုခံစား ရသလဲ။***

**ဆုမ်ချိုင်း။** ကျနော့်ကိုနောက်ပြောင်ကြတာတွေလဲ ရှိတယ်။ ဒါကတော့ အတွေးအခေါ်မတူဘူးလို့ လည်းပြောနိုင်တာပေ့ါ။ ဒါပေမယ့် ကျနော့် အမြင်မှာတော့ သူငယ်ချင်းဆိုတာ စည်းခြားမှုမရှိဘူးလို့ ပြောချင်ပါတယ်။ ဘယ်ကလာတယ် ၊ ဘယ် သူဖြစ်တယ်ဆိုတာ၊ အခုတော့ သူငယ်ချင်းတွေ အများကြီးပဲ။

***စာရေးသူ။ ဆုမ်ချိုင်းအနေနဲ့ ကိုယ့်ရဲ့အတွေ့အကြုံတွေထက် ဘာတွေကို ထပ်လေ့လာချင်လဲ။***

**ဆုမ်ချိုင်း**။ အခြေခံအားဖြင့် ကျနော့်ရဲ့ အလယ်တန်းကျောင်းတုန်းက လေ့လာသင်ယူမှုက မပြည့်စုံသေးဘူးမဟုတ်လား။ ကျနော့်ရဲ့ လေ့လာသင်ယူမှုအဆင့်မြင့်လေလေ ပိုင်ဆိုင်မှုကလည်းပိုကြီးလာလေလေပါပဲ။ အဲဒါကြောင့် ကျနော့်ရဲ့အရည် အချင်းကသူငယ်ချင်းတွေထက်စာရင် အားနည်း တယ်။ ကျနော့်အနေနဲ့လဲ သူများတွေထက်ပိုပြီး စာ ကြိုးစားရတယ်။ သူငယ်ချင်းတွေနဲ့ အဆင့်တူနိုင်အောင်ပေ့ါ။ တခြားပြဿနာတစ်ခုကတော့ (ကျောင်းစရိတ်ထောက်ပံ့ကြေး)ကို ကျနော့်ရဲ့ ဦးလေးကို ရှာပေးတယ်၊ ထုတ်ပေးတယ်။ တခါတလေလဲ ကျနော့်အတွက် ပညာသင် ထောက်ပံ့ကြေးဆက်ပြီးတော ရနိုင်မလားဆိုတာကို စဉ်းစားမိတယ်။ မူလတန်းတုန်းက အသုံးစရိတ်သိပ်မကြီးတော့ ပြဿနာသိပ်မရှိပေမဲ့။ အတန်းကြီးလာလေလေကုန်ကျစရိတ်လည်း များလာလေလေပဲ။ ဒါကြောင့် ကျနော်ဘယ် လောက်ထိ ဆက်ပြီးလေ့လာသင်ယူနိုင်မယ်ဆိုတာ သေသေချာချာ မပြောနိုင်ဘူး။

***စာရေးသူ။ ဆုမ်ချိုင်းအနေနဲ့ အနာဂတ်မှာ ဘယ်လိုရည်ရွယ်ထားပြီးတော့ ဘယ်လိုမျိုးအသက်မွေးဝမ်းကြောင်း ပချင်သလဲ။***

**ဆုမ်ချိုင်း။** အခုကျနော် ရွေးချယ်ထားတဲ့ဘာသာရပ်ကတော့ (အီလက်ထရောနစ်) လျှပ်စစ်ပစ္စည်းတွေနဲ့ဆိုင်တဲ့ အသက်မွေးမှု နည်းပညာပါ။ အနည်းဆုံး ပေါ်ဝေါချော (အသက်မွေးဝမ်းကျောင်းပညာကောလိပ်)အဆင့်အထိပြီးအောင်တက်ချင်တယ်။ အခုတော့ ပေါ်ဝေါစော် (အထက်တန်းဆင့်) စတက်နေတာ ပထမ နှစ်ပဲရှိသေးတယ်။ နောက်ထပ် (၃) နှစ်တက်ပြီးမှပြီးမှာ၊ အဲဒါလို့ရှိရင် နောက်ထပ် ကောလိပ် (၂) နှစ် ဆက်တက်ရမှာ။

***စာရေးသူ။ နောက်ဆုံး ဆုမ်ချိုင်းအနေနဲ့ သူငယ်ချင်းတွေ၊ မိဘတွေကို ဘာမှာချင်သေးလဲ။***

**ဆုမ်ချိုင်း။** ကလေးမိဘတွေအားလုံး၊ သူငယ်ချင်းတွေအားလုံး ကျနော်မှာချင်တာကတော့ **"ပညာရေးဆိုတာ အရေးကြီးတယ်"** မိဘတွေအားလုံး ကိုယ့်ရဲ့သားသမီးကို ပညာသင်စေဖို့ စာသင် ကျောင်းကိုပို့ဖို့ လုံးဝမမေ့ပါနဲ့လို့ပြောချင်ပါတယ်။ အခိုကက ကလေးတွေ အသိပညာဗဟုသုတရမယ်။ ကြီးလာတဲ့အခါမှာ ပညာတတ်တွေဖြစ်မယ်။ အလုပ်လုပ်နိုင်ပြီး ဘဝကိုတည်ထောင်နိုင်မယ်။ အခုလောလောဆယ်ပညာသင်ယူနေကြတဲ့ ညီအစ်ကိုတွေလည်း ကြိုးစားပြီးသည်းခံကြပါလို့မှာချင်တယ်။ နောက်မဆုတ်နဲ့ အစွမ်းကုန် ကြိုးစားပါ။ ဘာဖြစ်လို့

လဲဆိုတော့ကျနော် တို့ဟာ ရွေးချယ်စရာလမ်းသိပ်မရှိဘူး။ အခွင့်အရေး ရတာနဲ့ အရမိအောင် ယူနိုင်ရမယ်။ **"ပညာရေးဟာ တစ်ခုတည်းသော အခွင့်အရေးဖြစ်တယ်"**။ နောက်ပိုင်းမှာဆိုရင် ပညာသင်ယူဖို့ ရွေးချယ်စရာလမ်းတွေ ရှိကောင်းရှိလာနိုင်လိမ့်မယ်။


နောက်ဆုံးအနေနဲ့စာအုပ်ဖြစ်မြောက်ရေးအဖွဲ့က ဆုမ်ချိုင်းကို အများကြီးကျေးဇူးတင်ပါ တယ်လို့ ပြောချင်ပါတယ်။ ဆုမ်ချိုင်းရဲ့ အတွေ့အကြုံတွေကို ရွှေ့ပြောင်းအလုပ်သမားတွေ ပိုပြီးသိလာအောင် ရှင်းပြပေးတဲ့ အတွက် အများကြီး ကျေးဇူးတင်ရုံတင်မက ဘူး မက်(ပ်)အဖွဲ့အစည်းကလည်း ဆုမ်ချိုင်းတစ်ယောက်နဲ့ ရွှေ့ပြောင်း အလုပ်သမား တွေအားလုံး ဆက် ကီးစားဖို့ အမြဲတမ်းအားပေးတယ်။ ကျွန်မတို့မျှော်လင့်ထားတာကတော့ ပညာရေးအတွက် အားလုံးအမြင်ကျယ်လာအောင်လုပ်ဆောင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

---

# ရွေးချယ်နိုင်သော ပညာရေး (မိမိနှင့်ကိုက်ညီသည့် ရွေးချယ်စရာ ပညာရေး)

ထိုင်းနိုင်ငံပညာရေးစနစ်တွင်ပုံစံအမျိုးမျိုး ရှိသည်။ (ဥပမာ) နိုင်ငံတော် အစိုးရမှ စီစဉ်ဖွင့်လှစ်ပေးသောစာသင်ကျောင်းများ၊ ပုဂ္ဂလိကမှ စီစဉ်ဖွင့်လှစ်ကြသော စာသင်ကျောင်းများ၊ မိမိတို့ ကက်နှစ်သက်သည့်အလျောက်လေ့လာသင်ယူနိုင်သည့် ပညာရေးဟူ၍အမျိုးမျိုးရွေးချယ်နိုင်သည်။ ပညာရေးဘာသာရပ်များကိုလည်း ဘာသာရပ်များစွာ ခွဲထားပေးခြင်း၊ သင်ကြားပို့ချ ပေးသူများမှာလည်းအရည်အချင်းအမျိုးအစား စုံလင်အောင် ရှိနေလေသည်။ ဥပမာ ပညာရေးဝန်ကြီးဌာန ၊ပုဂ္ဂလိကမှ ဖွင့်လှစ်ထားသော စာသင်ကျောင်း၊ လူထုမှအခြေခံ၍ဖွင့်လှစ်ပေးသောစာသင် ကျောင်းဟူ၍အမျိုးမျိုး ရှိကြသည်။

ဤအကြောင်းအရာကို ရှင်းပြခြင်းသည် မည်သည့်ပညာရေးသည် ရွှေ့ပြောင်းအလုပ်သမားတို့အတွက် ကိုက်ညီသည့် အခွင့်အရေးကို လက်လှမ်းမီနိုင်ဖို့အတွက် သက်ကြီးကျောင်းပညာရေး၊ မိသားစုစီမံကိန်းမှရွေးချယ်ထားသည့် ပညာရေး၊ ပန်းချီအနု ပညာနှင့်သက်ဆိုင်သည့်ပညာရေး စသည်တို့ကို မိတ်ဆက်ပေးချင်ပါသည်။




## သက်ကြီးကျောင်း (ကောဆော်နော)

သက်ကြီးကျောင်းကို (ပြင်ပကျောင်း) အစိုးရမှဖွင့်လှစ်ပေးရသည့်အကြောင်းအရင်းမှာ လူမှုအဖွဲ့အစည်းမှ လူမျိုးပေါင်းစုံတို့ တက်ရောက်သင်ယူနိုင်ရန်၊ ဥပမာ အိမ်ရှင်မများသော်လည်းကောင်း၊ အိမ်ထောင်ရှင် ယောကျ်ားများ၊ လူငယ်၊ လူရွယ်များစသဖြင့် အရွယ်ပေါင်းများစွာရှိသည်။ ပညာသင်ကြားရန် အခွင့်အရေးမရှိသေးသူများလည်း များစွာရှိနေသေးသည်။ အခွင့်အလမ်းနည်းသူများ ထဲတွင်လည်း ပညာသင်ယူရန် အချိန်မပေးနိုင်သောသူများ၊ အထက်တန်းပညာဆုံးသည့်တိုင်အောင် မသင်ယူနိုင်သည့် သူများစသဖြင့်ရှိလေရာနောက်ပိုင်းတွင် ထိုင်းအစိုးရပညာရေးဌာနမှ အလေးထား၊ အသိအမှတ် ပလာသည်။ မိသားစုပညာရေး ပုံစံဖြင့် လူထုထံသို့ ပို့ပြီးကျယ်ပြန့်အောင် ဆောင်ရွက်နေသည်လည်း ရှိသည်။ ထို့ကြောင့်အစိုးရမှသက်ကြီးကျောင်းကို စီစဉ်ပေးခြင်း ဖြစ်သည်။

## သင်ကြားပို့ချသည့် နည်းလမ်းများ

သင်ကြားပို့ချသည့် နည်းလမ်းများတွင် နည်းလမ်းနှစ်ခုရှိသည်။ ရိုးရိုးအတတ်သင်ပညာရေးနှင့် အသက်မွေးကျောင်းပညာရေး ဟူ၍ ရှိပြီး၊ ရိုးရိုးအတတ်ပညာသင်ကျောင်းကိုမူအခွင့် အလမ်းနည်းပါးသောသူတို့အတွက်အထူးအစီအစဉ်အနေဖြင့် ဆောက်ရွက်ပေးနေသည်။ အတတ်ပညာကိုမူ မိမိကိုယ်တိုင်လေ့လာသင် ယူနိုင်ပြီး မိမိဘဝအတွက် အသုံးချနိုင်ဖို့ဖြစ်သည်။ သို့မဟုတ် ပညာဆက်သင်နိုင်ရန် အခွင့်အလမ်းဖွင့်ပေးသည် ဟုလည်း ဆိုနိုင်သည်။

***အခြေခံပညာရေး***

- ♦ မူလတန်းအဆင့်
- ♦ အလယ်တန်းအဆင့်
- ♦ အထက်တန်းအဆင့်




တိုတောင်းလှသောအချိန်ကာလအတွင်း လေ့လာသင်ယူရခြင်းဖြစ်သည်။ အခြေခံအဆင့်ကို (၂) ဆင့်ခွဲထားပြီး အဆင့် (၃) ခုစလုံး ကို (၆)နှစ်အတွင်းကျောင်းပြီးအောင် စီစဉ်ထားသည်။

***(အလယ်တန်းနှင့်အထက်တန်းအဆင့်ပြီးပါက တက္ကသိုလ်သို့ဆက်၍ တက်ရောက်လေ့လာနိုင်သည်။ )***

## အသက်မွေးဝမ်းကျောင်းပညာ

အသက်မွေးဝမ်းကျောင်းပညာသည် အသက်မွေးနိုင်မှုကို ဦးစားပေးသောပညာရေးဖြစ်ပြီး လေ့လာသင်ယူသူအဖို့ အသက်မွေးဝမ်း ကျောင်းပညာကို ဦးစားပေး၍သင်ယူရသည်။ အသက်မွေးဝမ်းကျောင်းပညာပြီးဆုံးသွားလျှင်လည်း ကျောင်းမှ အသိအမှတ် ပအောင်လက်မှတ်နှင့်အတူ မိမိလုပ်ငန်းခွင်၌ တာဝန်ယူတတ်စေရန် အောက်ပါအတိုင်း နည်းပညာအဆင့်ဆင့်ဖြင့် သင်ကြားပေးသည်။

■ **အသက်မွေးမှုရက်တိုအတတ်ပညာသင်ကျောင်းဆိုသည်မှာ** အသက်မွေးဝမ်းကျောင်းပညာပြီးဆုံးသည့်အချိန်အထိ အချိန်တိုတိုအတွင်း လေ့လာသင်ယူရသည့် ဥပမာ မှိုစိုက်ပျိုးနည်း၊ ဆံပင်ညှပ်နည်း၊လျှပ်စစ်မီး ပပြင်နည်း၊ ဂဟေဆော်နည်း၊ စက်ဘီး၊ ဆိုင်ကယ် ပပြင်နည်းနှင့် ရေဒီယို၊ ကက်ဆက် ပပြင်နည်းတို့ဖြစ်သည်။

■ **အသက်မွေးဝမ်းကျောင်းပညာ** ဆိုသည်မှာ လေ့လာသင်ယူသူများကို စုစည်းပြီး အုပ်စုအလိုက် စိတ်ဝင်စားအောင် ဆရာ၊ဆရာ မတို့မှ တိုတောင်းသည့်အချိန်ကာလအတွင်းတွင် သင်ကြားပေးခြင်းဖြစ်သည်။

■ **အသက်မွေးဝမ်းကျောင်းအောင်လက်မှတ်အသိအမှတ် ပလွှာ**သည် (မူလတန်းအောင်မြင်သူများအတွက်) အခြေခံအသက်မွေးနိုင်မှုကိုဦးစားပေးသည်။ တဆက်တည်းမှာပင် လေ့လာသင်ယူချိန်ကာလ၌ ကျောင်းသား၊သူများမှာလည်း ဝင်ငွေရှာနိုင်ပြီးကျောင်းပြီးသည်နှင့်တ ပင်နက် အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်သည်။

■ **အခြေခံအသက်ကြီးကျောင်းအောင်လက်မှတ်**ရရှိသူများသည် အလယ်တန်း ပြီးဆုံးသွားပါက အသက်မွေးဝမ်းကျောင်းပညာကို (၃) နှစ်ဆက်ပြီး သင်ယူလေ့လာရမည်ဖြစ်ပြီး ပေါ်ဝေါ်ချောပြီးမှ (၁၂) တန်းအောင်မြင်ပြီးဆုံးမည်ဖြစ်သည်။

# ရွေးချယ်ခွင့်ရှိသော မိသားစုပညာရေး

မိသားစုစီမံကိန်းဖြစ်သောပညာရေး ကျောင်းသည် တရားဝင်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ အုပ်ထိန်းသူများမှ မိမိသားသမီး အတွက် စိတ်တိုင်းကျရွေးချယ်ပေးနိုင်သည်။ ဆိုလိုသည်မှာ အုပ်ထိန်းသူ မိဘများက အစိုးရစာသင်ကျောင်းသို့ မပို့ချင်လည်းရသည်။ အိမ်မှ ချမှတ်ပေးသည် အခြေခံပညာအဆင့် သင်ကြားပို့ချမှု(၃) မျိုးမှာကျောင်းပညာစည်းမျဉ်းစည်းကမ်းအတိုင်း သက် ကြီးကျောင်းပညာသင်ကြားမှု စည်းကမ်းအတိုင်း မိမိလေ့လာသင်ယူမှုအဆင့်ဖြင့် အခြားကျောင်းသို့လည်း ရွေးချယ်သင်ယူနိုင်သည်။


## သင်ကြားပို့ချမှု နည်းစနစ်

**(၁) မိဘများမှ စီမံပေးသော ပညာရေး –** မိဘအုပ်ထိန်းသူအောက်တွင် ရှိနေသာသားသမီးကို မိဘများကိုယ်တိုင်သင်ကြားပေးခြင်း ဖြစ်ပြီး၊ မိဘသည် ဆရာဖြစ်သည်။

**(၂) မိသားစုကွန်ယက်များမှ စီမံပေးသောပညာရေး** မိသားစုများမှ စုပေါင်း၍ ဖန်တီးပေးသော သင်ကြားပို့ချမှု၊ လွှပ်လပ်မှုရှိသော စီမံကိန်းဖြစ်သည်။ မိမိအိမ်၌လည်းကောင်း၊ အခြားမိသားစု အိမ်၌လည်းကောင်း စုပေါင်းတွေ့ဆုံပြီး စီမံခန့်ခွဲသော ပညာရေးဖြစ်သည်။

**(၃) မိသားစုကွန်ယက်များမှ စီမံပေးသောပညာရေး –** ဥပမာ တစ်နေရာတည်းတွင် စုစည်းသင်ကြား၍ မိသားစုမှ ပါဝင်သင်ကြား ပို့ချပေးသော ပညာရေးဖြစ်သည်။ အခြားသော အသေးအဖွဲ့ကိစ္စများအား လုံးလည်း စီစဉ်ပေးသည်။ ဥပမာ – ကျောင်းသုံးကိရိယာများ၊ အချိန်ပိုလေ့လာသင်ယူမှုများ စသဖြင့်။

**(၄) မိသားစု နှင့် စာသင်ကျောင်းတို့မှ စီမံခန့်ခွဲပို့ချပေးသော ပညာရေး–**ကျောင်းသား၊မိသားစုနှင့် စာသင်ကျောင်းတို့ ပူပေါင်းပြီး နှစ်ဦးနှစ်ဘက် စီမံခန့်ခွဲသောပညာရေးဖြစ်သည်။ အခြေခံသင်ရိုးညွှန်းတန်းသင်ကြားပို့ချမှုနည်းစနစ်မှာစာသင်ကျောင်းနှင့် ကျောင်း သားမိသားစုမှ စီစစ်ကြ ပြီး၊ စာသင်နှစ်ပြီးဆုံး သည့်အချိန်တွင်စာသင်ကျောင်းမှအသိအမှတ် ပလွှာအောင်လက်မှတ် ထုတ်ပေးခြင်းဖြစ်ပြီး၊ လေ့ လာသင်ယူသူများမှလည်းစာသင်ကျောင်းမှအသုံးအဆောင်ပစ္စည်း များနှင့် နေရာထိုင်းခင်းတို့ကို အသုံး ပနိုင်သည်။ နောက်ပိုင်းတွင် မိသားစုနှင့် ကျောင်းတို့မှ အပြန်အလှန်နှီးနှောဖလှယ်ကြလေသည်။



## သင်ရိုးညွှန်းတမ်း

သင်ရိုးညွှန်းတမ်းသည် လေ့လာသင်ယူသူအတွက် အဆင့်မြင့်မားလာအောင်၊ ဤသင်ရိုးညွှန်းတမ်းကိုမှီငြမ်းအသုံးပြု၍ လူသားတို့၏ လုပ်ကိုင်ဆောင်ရွက်မှုကို ဦးဆောင်နိုင်သောအဆင့်အထိရွေးချယ်နိုင်ပြီး ကလေးလူငယ်များအတွက်စွမ်းရည်မြင့်တင်မှုမှာ အလွတ်ကျက်သဘောမျိုး မဟုတ်ဘဲ ဘဝတစ်သက်တာ အကန့်အသတ်မရှိ လေ့လာသင်ယူနိုင်ပြီး အောက်ပါအဆင့်အမျိုးမျိုးဖြင့် ဖွင့်လှစ် သင်ကြားပေးသည်။

- စာသင်ကျောင်းမှ သတ်မှတ်ထားသော ဘာသာရပ်များနှင့် ကွာခြားမှုမရှိပါ။
- သင်ကြားပို့ချမှု အပိုင်း၌သာ ကွာခြားမှု ရှိသည်။
- အတွေ့အကြုံ များနှီးနှောဖလှယ်မှု အမျိုးမျိုးဖြင့်သင်ကြားပေးသည်။
- ကွင်းဆင်းလေ့လာမှုဖြင့် လက်တွေ့သင်ကြားပို့ချပေးသည်။
- မိသားစုများမှ စီမံခန့်ခွဲသော နည်းပညာဖြင့် အသုံးချခြင်း။

## စီမံခန့်ခွဲသော နည်းလမ်း


မိသားစုများမှ မိမိတို့သားသမီးအတွက် အခြေခံသင်ကြားမှုကို စီမံခန့်ခွဲပေးခြင်း၊ ကလေးငယ်အား စာသင်ကျောင်းသို့ စာရင်းပေးပြီးကျောင်းအပ် ရခြင်းသည် တရားဝင်သတ်မှတ်ထားသည့် အတိုင်းပင်ဖြစ်သည်။ ကလေးလူငယ်တိုင်းအသက်ပြည့်က အခြေခံမူလတန်းကျောင်းသို့ ပို့ရမည်၊ ကလေးလူငယ်တိုင်း အိမ်ထောင်စုစာရင်းရှိရမည်။ ကျောင်းစာရင်းသွင်းရမည်။ စာသင်ကျောင်းနှင့် မိသားစုနှစ်ဦးနှစ်ဘက် သဘောတူလက်မှတ်ထိုးရမည်။ စာသင်ကျောင်းမှ သင်ကြားပို့ချမှုကို အမှတ်ဖြင့်သတ်မှတ် ပေးရမည်။

**ထိုင်းနိုင်ငံတွင် အိမ်ကျောင်းပုံစံ (Home School) သုံးကျောင်းရှိသည့် င်းတို့မှာ–**

(၁) "ကလေးရွာ" အိမ်ကျောင်း၊ ဝမ်းဒန်းရပ်ကွက်၊ ကန်ချနဘူရီမြို့နယ်၊ ကန်ချနဘူရီခရိုင်။ ၇၁၁၉၀
**โรงเรียนหมู่บ้านเด็ก ต.วังดัง อ.เมือง จ.กาญจนบุรี 71190**


(၂) ထာမဆတ် မူလတန်းအိမ်ကျောင်း၊ ခလောင်းနိန်း၊ ခလောင်လုံ မြို့နယ်၊ ပထုမ်ထာနီ ၁၀၁၂၀
**โรงเรียนประถมศึกษาธรรมศาสตร์ ต.คลองหนึ่ง อ.คลองหลวง จ.ปทุมธานี 10120**

(၃) ဆတ်ယာဆိုင် အိမ်ကျောင်း၊ လမ်းနာရိုင်း၊ ချိုင်းဘာဒန် မြို့နယ် ၊ လုပ်ဘူရီခရိုင်၊
**โรงเรียนสัตยาไส ต.ลำนารายณ์ อ.ชัยบาดาล จ.ลพบุรี**



**မိသားများစုပေါင်းစီမံကိန်းကျောင်းမှာ (၆၈) ကျောင်းနှင့် မိသားစုကလေးလူငယ်ပေါင်း(၁၀၈)ယောက်ရှိသည်။**

# အနုပညာဖြင့် သင်ကြားခြင်း





အနုပညာနဲ့ ပညာသင်ကြားခြင်းကို ခွဲခြားလို့မရပါဘူး။ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိနေပါတယ်။ အနုပညာဟာ လေ့လာသင်ယူခြင်းရဲ့ အခြေခံဖြစ်တယ်၊ ကလေးတို့ရဲ့ခြစ်ခတ်ရာတွေမျဉ်းကြောင်းတွေကို လူကြီးတွေ နားမလည်နိုင်ပေမယ့်လည်း အဲဒီခြစ် ကြောင်းရာလေးတွေဟာ သူတို့ရဲ့ အနုပညာနဲ့ ဆက်သွယ်ခြင်းကို အစပျိုးလိုက်တာပါပဲ။

အနုပညာနဲ့ ဖွံ့ ဖးတိုးတက်ခြင်းကိုစာရှုသူတို့ ပိုပြီးနားလည်ရအောင် အနုပညာသင်တန်းမှူးတစ်ယောက်နဲ့ ဆက်သွယ် မေးမြန်းထားပါတယ်။ ကလေးတွေကတော့ သူ့ကိုခူးဒေါင်း (ဆရာမ – ကြယ်ပွင့်) လို့ ခေါ်ကြတယ်။ သူမဟာ ပြင်သစ်အမျိုးသမီး တစ်ယောက်ဖြစ်ပါတယ်။ ခုချိန်မှာ သူမဟာ ကလေးတွေဖွံ့ ဖးရေးအတွက် အနုပညာ လုပ်ငန်းတစ်ခုကို ဆောင်ရွက်နေပါတယ်။ သူမရဲ့လုပ်ငန်း (**Project**) အမည်ကတော့ စတူဒီယိုချန်း (**Studio Xang**) ပါပဲ။ ထိုင်းနိုင်ငံရောက် မြန်မာပြည်က ရွှေ့ပြောင်းအလုပ်သမားတို့ရဲ့ကလေးတွေကိုအနုပညာစွမ်းရည်းမြှင့်တင်ပံ့ပိုးပေးနေတဲ့ (**Studio Xang**) ပရောဂျက်ဟာ ချင်းမိုင်မှာ အခြေစိုက်ပါတယ်။ သူမပျိုးထောင်သင်ကြားပေးခဲ့တဲ့ ကလေးပေါင်း တစ်ရာကျော်ရှိပါတယ်။ လွန်ခဲ့တဲ့ (၆)လ လောက်ကစပြီး မဲဆောက်မှာလည်း တိုးချဲ့ဖွင့်လှစ်ခဲ့တယ်။ လုပ်ငန်းစဉ်ပုံစံက ကလေးအနုပညာမြှင့်တင်ခြင်းနဲ့ သင်တန်းဆရာတွေကို ပို့ချသင်ကြားပေးခြင်းဆိုပြီးနှစ်မျိုးရှိပါတယ်။ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမတွေဟာ ရွှေ့ပြောင်း အလုပ်သမားအသိုင်းအဝိုင်းထဲကပဲဖြစ်ပြီး အများအားဖြင့် အနုပညာကို

စိတ်ဝင်စားတဲ့ အနုပညာသင်တန်းဆင်းတွေ ဖြစ်ကြပါတယ်။ ခူးဒေါင်း (ဆရာမ) နဲ့စာရေးသူတို့ တွေ့ဆုံမေးမြန်းခန်းကို ဆက်ပြီးဖတ်ကြည့်ကြပါစို့။

*မေး– ဆရာမရှင့်၊ အနုပညာဆိုတာဘာလဲ။*

ဖြေ– အနုပညာလို့ဆိုလိုက်ရင် အများအားဖြင့် အလှအပလို့ဆိုကြမယ်၊ တကယ်တော့ အနုပညာဆိုတာ တွေးခေါ်ခြင်း၊ ခံစားခြင်းနဲ့ ဖော်ပြခြင်းတို့ပါပဲ။ အနုပညာကို တခြားလူတွေ ထပ်ဆင့်နားလည် ခံစားစေဖို့အတွက် အတတ်ပညာနဲ့ ဖော်ကျူးရတယ်။ အနုပညာကို ရှုမြင်ခံစားရာမှာ အလှအပတစ်ခုတည်းကို ကြည့်ရင် အဓိပ္ပါယ် မပြည့်စုံနိုင်ပါဘူး။ ပြင်ပအလှကို ဖောက်ထွင်းပြီး စိတ်ကူးစိတ်သန်းနဲ့ခံစားမှုအပေါ်နက်နက်ရှိုင်းရှိုင်း ရှုမြင်မှသာ အနုပညာအစစ်ကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

*မေး – ဘယ်ဟာက အနုပညာမြောက်တယ်ဆိုတာကို ဘယ်လိုသိနိုင်ပါသလဲ။*

ဖြေ – ဒါကိုဖြေဖို့က နည်းနည်းတော့ခက်တယ်။ ဒါပေမယ့် ကားစားပမ်းစားလုပ်ထားတဲ့ အရာတိုင်းဟာ အနုပညာနဲ့ ဆက်စပ်နေတယ်လို့ပဲ ဖြေပါရစေ။ အဲဒီလုပ်ဆောင်ချက်၊ ဖန်တီးချက်ဟာလည်း ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ခံစားချက်၊ ကိုယ်ပိုင်ရည်မှန်းချက် ဖြစ်ရပါမယ်။ သူများကို တုပတာ၊ သူများအ ကက်ကို လိုက်ပြီးလုပ်ထားတာတွေဟာ အနုပညာ မမည်ပါဘူး။

***မေး – အနုပညာဟာ ကလေးတွေကို ဘယ်လိုဖွံ့ဖြိုးတိုးတက်စေပါသလဲ။***

ဖြေ – အနောက်တိုင်း စိတ္တဗေဒပညာရှင်










Mr. Victor lowenfeld ရဲ့ အဆိုအရ ပြောရရင်လူတွေဟာ ဘယ်မျိုးနွယ်၊ ဘယ်နိုင်ငံသား၊ ဘာလူမျိုးပဲဖြစ်ဖြစ် ဖွံ့ ဖြိုးတိုးတက်မှု နှုန်းကတော့ အားလုံးအတူတူပါပဲ။ အသက်အရွယ်အလိုက် စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ပိုင်း ဆိုင်ရာ ဖွံ့ ဖြိုးမှုမှာ တူညီတယ်။ ဒါပေမယ့်လေ့လာသင်ကြားမှု၊ ပျိုးထောင်မှုအပေါ်မှာ မူတည်ပြီးတော့ တိုးတက်မှုကွာခြားသွားတာပါ။ တချို့လူကြီးတွေကို ပုံဆွဲခိုင်းရင် သူတို့ လက်ရာဟာ (၅) နှစ် ရွယ်ကလေးလောက်ပဲ ဆွဲနိုင်တယ်၊ ဒါဟာ သူ့အနုပညာက (၅) နှစ်ရွယ်မှာပဲ ရပ်တံ့နေလို့ပါ။ တကယ်လို့ လေ့ကျင့်မှု၊ သင်ကြားမှုတွေ ရှိမယ်ဆိုရင် တိုးတက်လာမယ်၊ အနုပညာဟာ ကလေးတွေရဲ့ တိုးတက်ဖွံ့ ဖြိုးမှုကို အများကြီး အထောက်အကူ ပြုပါတယ်။

ဥပမာ – လက်ချောင်း ကြွက်သားလေးတွေ သန်မာလာမယ်၊ အသေးစိပ် ခြယ်သမယ်၊ သူတို့ရဲ့အနုပညာခံစားချက်ကို မြှင့်တင်ပေးတယ်၊ ကလေးတွေကို စိတ်တည်ငြိမ်စေတယ်၊ စိတ်ကူးစိတ်သန်းတီထွင်မှုရှိစေတယ်၊ ကလေးအချင်းချင်းတွေ့ဆုံရခြင်းအားဖြင့် ပတ်ဝန်းကျင်နဲ့ ထိတွေ့စေတယ်၊ အရောင်စပ်ပုံ၊ ရွေးချယ်ပုံတွေကို လေ့လာနိုင်တယ်။ အနုပညာသင်တန်းဆရာတစ်ယောက်ဖြစ်တဲ့ ခူးတွဲ့ (**Ku Twae**) ရဲ့အပြောကတော့ "ကလေးတွေဟာ တစ်ခါလောက် အနုပညာဖန်တီးခွင့်ရတာနဲ့တင် သူတို့အတွက် အကျိုး ကျေးဇူးရှိတယ်၊ အမြဲလိုပုံ တွေဆွဲနေရရင် အများကြီးတိုးတက်ဖွံ့ ဖြိုးပါလိမ့်မယ်" တဲ့။

***မေး – ကလေးမိဘတွေအတွက်ကော ဘယ်လိုအကျိုးကျေးဇူးတွေ ရှိပါသလဲ။***

ဖြေ – ကျွန်မတို့သင်တန်းက ကလေးမိဘတွေ ပြောတာကတော့ ဒီအနုပညာလုပ်ရှားမှု သင်ကြားရပြီးတဲ့နောက်ပိုင်းမှာ သူတို့ကလေးတွေဟာ ပြောရဆိုရ









နားမလည်နိုင်ပေမယ့် သူတို့စိတ်ထဲမှာ ဒီအရေးအကြောင်းဟာ အဓိပ္ပါယ်ရှိနေပါတယ်။ သူတို့ခံစားချက်ကို ဖော်ပြနေတာဖြစ်တယ်။ ဒါကို ချီးမွမ်းအားပေးတာခံရရင်သူတို့လည်း ကျေနပ်ဝမ်းသာမယ်။ အဲသလိုရေးခြစ်ခြင်းအားဖြင့် ခဲတံကိုင်တဲ့ကျင့်သားရမယ်၊ ရင်ထဲကစကားကို ဖော်ပြတဲ့အကျင့်ရှိမယ်။ ကျောင်းစာကိုစပြီး သင်ယူတဲ့နေရာမှာ ပိုပြီးလွယ်ကူ စေပါတယ်။

**_ကလေးလူငယ်တွေအတွက် ပန်းချီအနုပညာဆိုတာ တစ်ကြိမ်မျှ လေ့လာသင်ယူဖူးပေမယ့် လည်း အကျိုးအမြတ်အများကြီးရှိပါတယ်။_**

လွယ်ကူလာတယ်၊ တာဝန်သိတတ်တယ်၊ မိဘကိုကူဖော်လောင်ဖက်ရတယ်တဲ့။ မိဘတွေဖက်ကလည်းကိုယ့်ကလေးရဲ့ အစွမ်းအစလက်ရာကိုအရေးတယူအားပေးချီးမြှောက်ရပါမယ်။ ဒါမှလည်း ကလေးတွေဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလာမယ်၊ သူတို့လုပ်ဆောင်ချက်ကို ဟန့်တားရင်၊ သူတို့ကိုလာမရှုပ်နဲ့လို့ပြောလိုက်ရင် သူတို့ကိုယ်သူတို့ ယုံကြည်မှုကျဆင်းစေပြီး နောက်ပိုင်းဘာမှမလုပ်ချင်တော့ဘူး။ အနုပညာလှုပ်ရှားမှု လုပ်ရတဲ့ကလေးတွေမှာ မတွေ့မြင် နိုင်တဲ့အကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်။ ဒါပေမယ့်ချက်ချင်းမတွေ့နိုင်ဘူး၊ ကလေးတွေထုတ်သုံးတဲ့အခါမှပဲ တွေ့နိုင်တယ်။ တခါတလေကျချက်ချင်းတွေ့ရတယ်၊ တခါတလေ လူကြီးဖြစ်မှ ငယ်ကအတွေ့အကြုံကို ပြန်သုံးတာတွေ့ရပါတယ်။

မေး – အရေးအကြောင်းခြစ်တတ်ခါစကလေးငယ်ရှိတဲ့ မိဘတွေအနေနဲ့ ကလေးအနုပညာဖွံ့ ဖြိုးအောင် ဘယ်လိုအားပေးကူညီသင့်ပါသလဲ။

ဖြေ – ကလေးသူငယ်ကစပြီး အရေးအကြောင်းခြစ်တာဟာ လူ့သဘာဝပါပဲ။ ဒါဟာ သူတို့ခံစားချက်ကိုဖော်ပြတာဖြစ်တဲ့အတွက် သွားပြီးမဟန့်တားသင့်ပါဘူး၊ အဲဒီခြစ် ကြောင်းရာတွေကို လူကြီးတွေ

***မေး – ဆရာမတို့ အနုပညာလှုပ်ရှားမှုဟာ ကျောင်းစာတစ်ဖက်နဲ့ လာပြီး အချိန်ပေးရတဲ့ ကလေးတွေကို အတန်းပညာသင်ကြားရေးမှာ ဘယ်လိုအထောက်အကူ ပြုပါသလဲ။***

ဖြေ – ကျွန်မအမြင်ကို ပြောရမယ်ဆိုရင် ကျောင်းမှာသင်ကြားတဲ့ ဘာသာရပ်တွေဟာ အမှားအမှန် ကန့်သတ်ချက်နဲ့ရလဒ်ကို သင်ကြားပေးခြင်းဖြစ်ပါတယ်။

ဥပမာ – ကကြီးကို ပြောင်းပြန်ရေးရင်မှားတယ်၊ တစ်နဲ့ တစ်ပေါင်းသုံးဆိုရင် မှားတယ်၊ နှစ်ဆိုရင်မှန်တယ်ပေါ့။ ကျောင်းမှာ မရှိတာကတော့ ကလေးတွေရဲ့ ကိုယ်ပိုင်အတွေးအခေါ်၊ အနုပညာခံစားချက် ကိုဖော်ပြလို့ရတဲ့ ဘာသာရပ်ပါပဲ။ ကျောင်းမှာက ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာအတိုင်း ကုန်အောင်သင်ယူရမယ်၊ အဲဒီပြဋ္ဌာန်းချက်ဟာလည်း လူကြီးတွေကဒါကိုသင်ရမယ်လို့ကန့်သတ်ထား တာဖြစ်



ပါတယ်။ အဲဒီပြဿနာချက်ကို ကက် ကက်မ ကက် ကက် သင်ကိုသင် ရမှာဖြစ်တယ်၊ ဒါဟာအနုပညာနဲ့ ကွာခြားချက်ပါပဲ။ ဒါပေမယ့် ကျောင်းသင်ခန်းစာ ဘာသာရပ်တွေကို အကျိုးမရှိဘူးလို့ မဆိုလိုပါဘူး၊ အဲဒီဘာသာရပ်တွေဟာ အသက်မွေးဝမ်းကျောင်း အတွက် အလွန်အရေးကြီးပါတယ်။ အနုပညာလှုပ်ရှားမှု ဘာသာရပ်ဟာလည်း ကလေးတွေဘက်စုံ ဖွံ့ ဖးရေးအတွက်အထောက်အကူ ပပါတယ်။

***မေး – အနုပညာအကြောင်းကို အများကြီး သိခွင့်ရပြီးတဲ့နောက်မှာ ဆရာမတို့ သင်တန်းကို လူထုအသိုင်းအဝန်းက စိတ်ဝင်စားတယ်၊ သူတို့နေ ရာမှာလည်း ဖွင့်စေချင်တယ်ဆိုရင် ဘယ်လိုကူညီပံ့ ပိုးပေးနိုင်ပါသလဲ။***

ဖြေ – ဘယ်နေရာမှာဖွင့်ချင်လည်းဆိုတာသိ ဖို့လိုပါတယ်။ ဒါမှလည်း အချိန်နေရာ၊ သင်တန်း ဆရာတွေကို ကတင်ပြင်ဆင်ထားလို့ရမယ်။ ခုလောလောဆယ် ကျွန်မတို့ (Studio Xang) အ နေနဲ့ **"ကလေးသူငယ်ဖွံ့ ဖိးရေးအတွက် အနုပညာ လှုပ်ရှားမှု"**ဆိုတဲ့ စာအုပ်ထုတ်ဝေဖို့ စီစဉ်နေပါတယ်။ အဲဒီစာအုပ်ဟာ ကလေးတွေကို သင်ကြားမယ့် ဆရာ တွေအတွက် လမ်းညွှန်လက်စွဲစာအုပ်ပါ။ နောက် တစ်အုပ်ကတော့ **"ပြဇာတ်အနုပညာတင်ဆက်ခြင်း"** အကြောင်းပါပဲ၊ ဒီလုပ်ငန်းကို စိတ်ဝင်စားတယ် ဆိုရင် အကြံဉာဏ်ပေးဖို့၊ သင်တန်းပေးဖို့ အသင့်ပါ။

***မေး – နောက်ဆုံးအနေနဲ့ စာဖတ်ပရိသတ်ကိုဘာ ပြောချင်ပါသလဲ။***

ဖြေ– ကျွန်မတို့ ကလေး အနုပညာလှုပ်ရှားမှုလုပ် ခဲ့တဲ့ (၁၂) နှစ်တာကာလအတွင်းမှာ ပတ်ဝန်းကျင် အမျိုးမျိုး၊ အသိုင်းအဝိုင်းအသီးသီးက ကလေး တွေအစုံပါအောင် အတတ်နိုင်ဆုံး လုပ်ခဲ့ပါတယ်။



ကလေးတို့၏ပန်းပုလက်ရာများ

အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ ကလေးတိုင်းဟာ အားပေးချီးမြှောက်မှုနဲ့ အခွင့်အလမ်းသာ ရခဲ့တယ်ဆိုရင်ဖွံ့ ဖြိုးတက်မှုအရည်အသွေးကိုယ်စီရှိကြတယ်ဆိုတာပါပဲ။ ကလေးတွေရဲ့ ဖွံ့ ဖြိုးတက်မှုဆိုင်ရာ ဦးနှောက်ဘယ်ဖက်အခြမ်းက သတိ၊ ပညာ၊ သွက်လက်ချက်ခြာခြင်း တစ်ဖက်ထဲဖွံ့ ဖြိုးရုံနဲ့ မပြည့်စုံနိုင်ပါဘူး။ ဦးနှောက်ညာဖက်အခြမ်းက ကိုယ်ပိုင်အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းတွေပါ ဘက်စုံဖွံ့ ဖြိုးတက်အောင် အားလုံး ဝိုင်းဝန်းပျိုးထောင်မြှင့်တင်ရပါမယ်။ ဒါမှပဲ အဲဒီကလေးဟာ ဘယ်နေရာရောက်ရောက် အဲဒီအသိုင်းအဝိုင်းမှာလူကောင်းလေးဖြစ်နေပြီး ကိုယ့်မိသားစုအတွက်၊ ပတ်ဝန်းကျင်အသိုင်း အဝိုင်းအတွက်၊ နိုင်ငံနဲ့ လူမျိုးအတွက် အကျိုး ပြုမယ့်သူဖြစ်လာမှာဖြစ်တယ်။ ဒါကြောင့် ကလေးတွေကို အနုပညာလှုပ်ရှား မှုမှာ ပါဝင်လာဖို့ဖိတ်ခေါ်ပါတယ်။ အလကား အစိမ်းသဘောပဲ ဖြစ်ဖြစ်၊ တကယ်လေ့လာဆည်းပူးတာပဲဖြစ်ဖြစ် ကလေးတွေ ပျော်ရွှင်မှု ရရင်ကိုပဲသူ တို့အတွက် အကျိုးရှိပါပြီ။


မေး – ဟုတ်ကဲ့။ အခုလိုအနုပညာအကြောင်း ပိုပြီးသိလာရတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ တကယ်တော့ အနုပညာဟာ ကလေးတွေအတွက် အင်မတန်အရေး ကြီးတယ်နော်။ ကိုယ့်ကလေးကို အနုပညာလှုပ်ရှားမှုမှာလာပို့ထားမယ်ဆိုရင် နောက်မကျ သေးပါဘူး။ တကယ်လို့ ခုဒေါင်းတို့အနုပညာလှုပ်ရှားမှုကို ဆက်သွယ်လို တယ်ဆိုရင်–

ဖြေ– ဖုံးနံပါတ် 053- 212564 နဲ့ အီးမေးလ်က studioxangamcp@gmail.com ကို ဆက်သွယ်နိုင်ပါတယ်။

# ဒေသခံ လူထုစီမံခန့်ခွဲသော ပညာရေး

ပညာရေးနည်းစနစ်များမှ ရွေးချယ်စရာတစ်ခုမှာ ဒေသခံလူထုအခြေခံသည့် ပညာရေးဖြစ်ပြီး၊ ဒေသခံလူထုဦးဆောင်ဖွဲ့စည်းလာခြင်း မှာလည်း ရွှေ့ပြောင်းအလုပ်သမားများနှင့်ဆီလျော်သော ပညာရေးပင်ဖြစ်သည်။ အဓိကအားဖြင့် တရားဝင်ကျောင်းသို့ မရောက်နိုင်သော ရွှေ့ပြောင်းအလုပ်သမားမိသားစုတို့၏ ကလေးများအတွက်ပင်ဖြစ်သည်။ လွန်ခဲ့သော ကာလကဆိုလျှင် ဒေသခံလူထုတို့မှဦးဆောင်၍ ဂဏန်း (၁၃) လုံးပါနိုင်ငံသားမှတ်ပုံတင်မရှိသော ကလေးများအတွက် စာသင်ကျောင်းငယ်လေးများ ဖွင့်လှစ်ခဲ့ကြသည်။ မွေးစာရင်းမရှိသောကလေး၊ အထောက်အထားမရှိသောကလေးများသည် အစိုးရစာသင်ကျောင်းတွင် သင်ခွင့်မရှိခဲ့၍ဒေသခံလူထုတို့ဦးဆောင်ဖွင့်လှစ်သင်ကြားသောကျောင်းများ တွင်သွားရောက်သင်ယူခဲ့ရာမှ စတင်ပေါ်ပေါက်ခဲ့ သည်။ ဒေသခံလူထုတို့ဖွင့်လှစ်သောကျောင်းမှာ အထူးသဖြင့် နယ်စပ်ဒေသတွင်ဖြစ်ပြီး အထူးသဖြင့် မဲဆောက် မ့နယ် တာ့ခ်ခရိုင်၊ မယ်ဆိုင် မ့နယ် ချင်းရိုင်းခရိုင်၊ ချင်းမိုင်ခရိုင်တွင် ဥပမာဝတ်ပါပေါက် ဘုန်းကြီးကျောင်း၊ မဟာချိုင်ဒေသ ရနောင်းဒေသနှင့် ဆန်ခလဘူရီ၊ ဖန်ငါးခရိုင်တို့ဖြစ်သည့်တောင်ပိုင်းဒေသတို့သည်ရွှေ့ပြောင်းအလုပ်သမားတို့ အများ စုနေထိုင်စားသောက်လုပ်ကိုင်သောဒေသဖြစ်သည်။

ယခုအခါတွင် ထိုင်းပညာရေးဌာနမှ ကလေးလူငယ်တိုင်းအတွက် ပညာရေးအခွင့်အရေးကို ဖွင့်ပေးနေပြီဖြစ်သည်။ ထိုင်းနိုင်ငံသားဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေမည်သည့်သက်သေခံအထောက်အထားမှုမရှိသော ကလေးအားလုံးအစိုးရကျောင်းတွင် ပညာသင်ကြားခွင့်ရလာပြီဖြစ်သည်။ ဒေသခံလူထု၏ အမြင်လည်းတဖြည်းဖြည်းပြောင်းလဲလာကာ ဥပမာ ဒုက္ခသည်စခန်းအတွင်း၌ ထိုင်းစာသင်ယူလာခြင်း၊ သက်ကြီးရွယ်အိုများသင်ယူနိုင်သည့် ပညာရေးစနစ်ကျောင်းများဖွင့်လှစ်လာခြင်း၊ မဲဆောက်ဒေသတွင် အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်တို့မှ ဒေသခံလူထုတို့ ဖွင့်လှစ်ထားသောကျောင်းမှ ဆရာ ဆရာမတို့ကို ဖိတ်ခေါ်ပြီး ပညာရေးနည်းလမ်းအသစ်နဲ့အတူ သင်ယူလေ့လာမှု ဆွေးနွေးလာကြသည်။ ထို့ကြောင့် ဒေသခံလူထု တို့မှ ဒေသခံစာသင်ကျောင်းတွင် ထိုင်း







ဘာသာကိုလည်း သင်ကြားပို့ချပေးရန်၊ အထူး သဖြင့် ပညာရေးဝန်ကြီးဌာနမှ ကျောင်း ဆရာပါ ခန့်အပ်ပေးရန်လည်း တောင်းဆိုခဲ့သည်။ ပညာရေး ဝန်ကြီးဌာနလည်း ဒေသခံလူထုစာသင် ကျောင်းများကို စိတ်ဝင်စားလာပြီး၊ ကျောင်းတိုင်းကို ပညာရေး ဝန်ကြီးဌာနတွင် စာရင်းသွင်းရန်နှင့် ပညာရေးဝန်ကြီးဌာနမှလည်းအလွယ်တကူမှတ်တမ်း ပစု နိုင်ရန်ဖြစ်သည်။

ထို့ကြောင့်မိမိနှင့် ကိုက်ညီမှုရှိသော၊ မိမိစိတ်ဝင်စားသော ပညာရေးကို ရွေးချယ်နိုင်ပါသည်။ လူသားတိုင်းသည် လေ့လာသင်ယူ ပိုင်ခွင့်ရှိသည်။ ရွှေ့ပြောင်းအလုပ်သမားပင်ဖြစ်စေ၊ နိုင်ငံသားမှတ်ပုံတင်အထောက်အထားမရှိသောသူများလည်း လေ့လာသင်ယူပိုင်ခွင့် ရှိသည်။

***အသေးစိပ်အချက်အလက် အပြည့်အစုံကို***
***ဖုံးနံပါတ် ၀၅၃ ၈၁၁ ၂၀၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။***

# အောင်လက်မှတ်အဆင့် စာမေးပွဲစစ်ခြင်း



အိမ်တွင်းကျောင်းပညာရေးမှာ ထိရောက်မှုမရှိသေးပါကတခြားနည်း ရွေးချယ်စရာနည်းလမ်းရှိပါသေးသည်။ ဤနည်းလမ်းမှာလူထု အခြေ ပခြင်းအတွက် ကိုက်ညီမှုရှိသည်။ ဥပမာ နိုင်ငံခြားသား ဘာသာစကား၊ သို့မဟုတ်ရွှေ့ပြောင်းအလုပ်သမားကျောင်း အောက်ခြေလူထုအခြေ ပပြီးထိုင်း အခြေခံပညာပ်ကြားမှုအဆင့် သို့တက်နိုင်သည်။ အားလုံးအတွက်စိတ်ဝင်စားမှုရှိမှာလားဆိုတာ စဉ်းစားကြည့်ပါ။ သင်ကြားပို့ချမှု နည်းမှာ (IGCSE) International General Certificate of Secondary Education) အပြည်ပြည်ဆိုင်ရာအခြေခံသင်ကြားမှုမှ လေ့လာသင်ယူ မှုအဆင့်ကို မြင့်သွားမည်။ ဒီအခြေခံမှာ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးသည်။ သင်ကြားပို့ချမှုအမျိုးမျိုးမှာအပြော အရေးစွမ်းရည်နှင့် ကးစားသည် အလျော်ကဖြစ်သည်။ အဆင့်မြင့်လာသည်နှင့်အမျှ သတ်မှတ်ထား သည့် သင်ရိုးညွှန်းတမ်းအတိုင်းဘာသာရပ်များဖြင့် စီစစ်သွားမည်။ စာမေးပွဲစစ်ပြီးလျှင် ပညာရေးဌာနမှ အသိအမှတ် ပ အောင်လက်မှတ်ပေးအပ်မည်။

အောင်လက်မှတ်ယူပြီးပါက (၁၂) တန်းအဆင့်နှိုင်းယှဉ်ပြီး တက္ကသိုလ်အဆင့်ထိ လေ့လာသင်ယူနိုင်သည်။ သက်ဆိုင်ရာပညာရေးရုံးနှင့် ပညာရေးဝန်ကြီးဌာနသို့ ဆက်သွယ်နိုင်သည်။

## ကျောင်းသားသစ် လက်ခံခြင်း

**စာမေးပွဲစစ်မည့်ကာလမှာ မေ ဇွန် နှင့် အောက်တိုဘာ နိုဝင်ဘာ**

| အချိန် | စာမေးပွဲ စစ်မည်ကာလ | စာမေးပွဲ စစ်မည် ကာလ |
|---|---|---|
| ကျောင်းသားသစ်လက်ခံခြင်း | (၁ ၁၂ ၂၀၀၇) – (၂ ၆ ၂၀၀၇) | (၂ ၇ ၂၀၀၇) – (၁ ၈ ၂၀၀၇) |
| နောက်ကျကျောင်းသားသစ်လက်ခံခြင်း | (၂ ၂ ၂၀၀၇) – (၂၈ ၂ ၂၀၀၇) | (၂ ၈ ၂၀၀၇) – (၆ ၉ ၂၀၀၇) |
| အောင်စာရင်းထွက်ခြင်း | ၂၀၀၇ စက်တင်ဘာလ | ၂၀၀၈ ဖေဖော်ဝါရီ |
| အောင်လက်မှတ်ပေးအပ်ခြင်း | ၂၀၀၈ နိုဝင်ဘာလ | ၂၀၀၈ မေ |

***စာမေးပွဲစစ်ဆေးခြင်း၏ အချိန်ဇယားကို နီးကပ်လာသည်မှ တစ်ခါပြဌာန်းထားမည်။***




## ကျောင်းအပ်ခြင်းအတွက် ကုန်ကျမှုစရိတ်

ဘာသာရပ်တစ်ခုခြင်းမှာ စာရင်းပေးသွင်းကတစ်ဘာသာ (၃၇၀၀) ဘတ်ဖြစ်သည်။ ကုန်ကျမှုစရိတ် အသေးစိတ်ကို ကျောင်းလက်ခံချိန်တွင်မေးမြန်းနိုင်သည်။

ကျောင်းအပ်သည့်အခါ မိမိဖက်မှ ပြင်ဆင်ရမည်မှာ –

၁။ (၂) လက်မ ဓါတ်ပုံ (၂) ပုံ။

၂။ မိမိမှတ်ပုံတင် သို့မဟုတ် နိုင်ငံကူးလက်မှတ် မိတ္တူတစ်စောင်

၃။ ထိုင်းနိုင်ငံသား မဟုတ်သော သူများအတွက်

ထောရော ၃၈ ၊ အလုပ်လုပ်ခွင့်လက်မှတ်

တောင်ပေါ်တိုင်းရင်းသားလက်မှတ်

**အထက်ပါအထောက်အထားမရှိသူများမှာတာဝန်ရှိသူထံအသေးစိပ် ဆက်သွယ်မေးမြန်းနိုင်သည်။**

**စာမေးပွဲ စစ်ဆေးမည့်နေရာ**

*ထိုင်းနိုင်ငံရှိ ဗြိတိန်ကောင်စီရုံး ( British Council) ချင်းမိုင်နှင့်ဘန်ကောက်။*


| ဘန်ကောက် | ချင်းမိုင် |
|---|---|
| British Council ၂၅၄ ဆူလာလုံကွန်<br>၆၄ လမ်း၊ ဆယမ်ဆခွဲဖယာထိုင်းလမ်း<br>ပထုန်ဝမ်း၊ ဘန်ကောက် ၁၀၃၃၀။<br>ဖုန်း ၀၂–၆၅၂၅၄၈၀–၉<br>ဖက်စ်၊ ၀၂–၂၅၃ ၅၃၁၂ | British Council<br>၁၉၈ ဘန်ရုန်လတ်လမ်း<br>ချင်းမိုင် ၅၀၀၀၀။<br>ဖုန်း ၊ ၀၅၃ ၂၄၂ ၁၀၃<br>ဖက်စ်၊ ၀၅၃ ၂၄၄ ၇၈၁ |
| **กรุงเทพ** | **เชียงใหม่** |
| **บริติช เคานซิล**<br>**254 จุฬาลงบกรณ์ ซอย 64**<br>**สยามสแควร์ ถนน พญาไท**<br>**เขตปทุม กรุงเทพ 10330**<br>**โทร. 02-6525480-9**<br>**แฟกซ์ 02-2535312** | **บริติช เคานซิล**<br>**198 ถนน บำรุงราษฎ์**<br>**เชียงใหม่ 50000**<br>**โทร. 053-242 103**<br>**แฟกซ์ 053-244 781** |


*အချက်အလက်အပြည့်အစုံကို ထပ်မံသိလိုပါကဝက်ဘ်ဆိုဒ်အမည် –* www.britishcouncil.or.th


# ကလေးတိုင်းကို ကျောင်းအပ်ပါ





*စာရှုသူအနေနဲ့ မိမိကလေး ဘာဖြစ်ချင်သလဲဆိုတာကို သိချင်ပါသလား။ တစ်ဖက်စာမျက်နှာမှာ ပါတဲ့ အရုပ်တွေ ကို ရောင်စုံချယ်ခိုင်းပါ။ ပြီးရင် သူတို့နှစ်သက်ရာ ပုံတစ်ပုံကို ညှပ်ထုတ်လိုက်ပါ။ ဒါဆိုယင် ကိုယ့်သားသမီး ဘာ ဖြစ်ချင်သလဲ ဘာကြောင့်လဲ ဆိုတာမေးမြန်းသိရှိနိုင်ပါတယ်။*
















| | | |
|---|---|---|
| ဆရာဝန်ကြီး | အဆိုတော် | သူနာ ပဆရာမ |
| ကျောင်းဆရာ | စာရေးဆရာ | ရဲ |









| | |
|---|---|
| လေယာဉ်မှူး | ရုပ်ရှင်မင်းသမီး မင်းသား |
| ကားမောင်းသမား | စစ်သား |

# ဒေသဆိုင်ရာအုပ်ချုပ်ရေးရုံးမှထုတ်ပေးသော ကျောင်းသားမှတ်ပုံတင်ကဒ်

## မှတ်ပုံတင်၊ အထောက်အထားစာရွက်စာတမ်းမရှိသော ကျောင်း သားများအတွက်သတင်း ကောင်း

သင်၏သား၊သမီးအတွက် ထိုင်းနိုင်ငံသား စာရင်းဝင်မဟုတ်သော ကျောင်းသားမှတ်ပုံတင်ကဒ် အမြန်ဆုံးသွား ရောက် ပလုပ်ပါ။

ထိုင်းနိုင်ငံသားစာရင်းဝင်မဟုတ်သော ကျောင်း သားမှတ်ပုံတင်ကဒ်ကို ဒေသဆိုင်ရာအုပ်ချုပ်ရေးရုံး လူအင်အား ဦးစီးဌာနမှ ထုတ်ပေးထား ခြင်းဖြစ်သည်။ ဤကျောင်းသားမှတ်ပုံတင်ကဒ် အားထိုင်းကျောင်း များ ၌ တက်ရောက် ပညာသင် ကြား နေကြသည့် မှတ်ပုံတင်ကဒ်၊စာရွက်စာတမ်း







အထောက်အထားမရှိသူ ထိုင်းနိုင်ငံသား မဟုတ်သော ကျောင်းသူ၊ ကျောင်းသားများအတွက်ရည်ရွယ်၍ထုတ်ပေး ခြင်းဖြစ်သည်။

## ကျောင်းသားမှတ်ပုံတင်ကဒ်လျှောက်ထားပုံအဆင့်ဆင့်

■ ပထမဦးစွာ ကျောင်းသားမိဘများသည် မိမိသား၊ သမီးတက်ရောက်ပညာ သင်ကြားနေသည့် ကျောင်းသို့ သွားရောက်ဆက်သွယ်၍ အထောက်အထား စာရွက်စာတမ်းတစ်စုံကို တောင်းယူရပါမည်။ အဆိုပါစာရွက်စာတမ်းမှာ ဤကျောင်းတွင်မိမိသား၊ သမီးအမှန်တကယ် တက်ရောက်ပညာ သင်ကြားနေသည့် အကြောင်း ထောက်ခံစာနှင့် မိမိသား၊သမီးသည် ထိုင်းနိုင်ငံသားစာရင်းဝင်သူ မဟုတ်ကြောင်းထောက်ခံစာ (ပုံစံ ၈၉ ၁) တို့ဖြစ်သည်။

■ ထို့နောက် အဆိုပါအထောက်အထား စာရွက်စာတမ်းတစ်စုံနှင့် အတူမိမိ သား၊သမီးကိုပါ ခေါ်ဆောင်၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးရုံးသို့ သွားရောက် ရပါမည်။ ထိုရုံးမှ တာဝန်ရှိသူအား ကျောင်းသားမှတ်ပုံတင်ကဒ် လျှောက်ထားတောင်းဆိုရန် လာရောက်ကြောင်း ပြောပြ၍ ရုံးလုပ်ငန်းအစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံသာစာရင်းဝင် မဟုတ်သော ကျောင်းသားများ မှတ်ပုံတင်ကဒ် ပလုပ်နိုင်ရေးအတွက် အဆိုပါ ကျောင်းသားများ၏ အမည်စာရင်းနှင့် ကိုယ်ရေးရာဇဝင်အချက်အလက်များ

ကို ကျောင်းမှဆရာ၊ ဆရာမများက ပစု၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးရုံးများသို့ ကတင်ပေးပို့ထားခြင်း ရှိ မရှိကို ကျောင်းသားမိဘများက ဆရာ ဆရာမများထံ မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကျောင်းသားမှတ်ပုံတင်ကဒ် ကိုင်ဆောင်ရခြင်း၏အကျိုး

- ♦ ကျောင်းသားမှတ်ပုံတင်ကဒ်မှာ (၁၀) နှစ်တာ သက်တမ်းရှိခြင်း
- ♦ ကျောင်းသားမှတ်ပုံတင်ကဒ် ကိုင်ဆောင်သူအတွက် အခြေခံလူ့အခွင့်အရေးများဖြစ်သည့် ထိုင်းနိုင်ငံ တွင်းတရားဝင်နေထိုင်ပိုင်ခွင့်နှင့် ပညာသင်ကြားပိုင်ခွင့်များရရှိခြင်း

အကယ်၍ အသေးစိပ်သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက အောက်ပါ ဂနများသို့အချိန်မရွေး ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**မက်ဖောင်ဒေးရှင်း**
**၀၅၃ ၈၁၁၂၀၂၊ ၀၈၇ ၃၀၄၇၄၂၁**
**ချင်းမိုင် မိနယ်အုပ်ချုပ်ရေးရုံး**
**၀၅၃ - ၂၂၂၆၃၆**

# ပညာသင်ထောက်ပံ့ကြေး

ယနေ့ခေတ် ကလေးလူငယ်တို့၏ ပညာသင်ထောက်ပံ့ကြေးရဲ့ပံ့ငွေအကြောင်းပြောဆိုဆွေးနွေးမည်ဆိုလျှင် အဓိကအားဖြင့် လူကြီးမိဘတို့၏ပြဿနာများနှင့်သက်ဆိုင်သည်ဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အုပ်ထိန်းသူ မိသားစုတို့၏ တာဝန်ယူဆောင်ရွက်ရသည့်ကိစ္စများမှာ "စားစရိတ်၊ ကျောင်းသုံးပစ္စည်းစရိတ်၊ အသုံးအဆောင်အမျိုးမျိုး ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံစသဖြင့်"အားလုံးလိုလို တာဝန်ယူနေရသောကြောင့်လည်းဆိုနိုင်သည်။ အစိုးရ၏အခမဲ့ပညာရေး မူဝါဒနှင့်စီမံကိန်းကို သေချာစွာလေ့လာဆန်းစစ်ကြည့်ပါက လည်းအမှန်အားတကယ်လျော်စွာဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။ အချို့အပိုင်းများတွင်အစိုးရမှကုန်ကျစရိတ်ငွေကြေးပမာဏကို အသုံးပနိုင်ရန် တာဝန်ယူပေးထားသော်လည်းမျှမျှတတနှင့်အကျိုးရှိစွာ အသုံးပနိုင်ရန် စီမံနေရသည်။ ဥပမာ စားပွဲခုံကုလားထိုင်အသုံးအဆောင်အမျိုးမျိုးတို့သည် ကျောင်းသား၊ သူတစ်ဦးစီအတွက်မှာလုံလောက်မှုမရှိသေးပါ။



ရွှေ့ပြောင်းအလုပ်သမားတို့၏ သား သမီးများအတွက်ပညာသင်ထောက်ပံ့ကြေးရန်ပုံငွေမှာအစိုးရမှပေးသော ပညာသင်ထောက် ပံ့ကြေးနှင့် ပုဂ္ဂလိကမှပေးထားသော ပညာသင်ထောက်ပံ့ကြေးဟူ၍ ရွေးချယ်စရာရှိနေသော်လည်း၊ အမှန်အားဖြင့် ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် အလွန်



ပင်နည်းနေသေးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများအတွက်ရရှိရန်အခွင့်အလမ်းနည်းနေသေးခြင်းဖြစ်သည်။ တောင်းယူရန်လည်း ခက်ခဲနေသေးသည်။

ဆုဖုန်း၊ ကောင်ဇန်းထိုက်တို့နှင့်ဆွေးနွေးခဲ့သည်တွင်ယခုကဲ့သို့ ပညာသင်ထောက်ပံ့ ကြေးရန်ပုံငွေကို ကလေးလူငယ်တိုင်း ရရှိဖို့ အခွင့်အရေးရှိနေပြီဖြစ်ပြီး၊ လွန်ခဲ့သည့်အချိန်များ တွင်ဤသို့သော ပညာသင်ထောက်ပံ့ကြေးရန်ပုံငွေကို မည်သူကမှ မရရှိခဲ့ကြပါ။ တနည်းအားဖြင့် ကလေးလူငယ်တို့၏ ပညာသင်ထောက်ပံ့ ကြေးရန်ပုံငွေမရရှိခြင်းသည် ကျောင်းဆရာ၊မများအပေါ်တွင်လည်း မူတည်သည်။ အထူးသဖြင့် ဆရာ၊မတို့၏ ဥပဒေနှင့် အစိုးရ ပေါ်လစီများကို နားမလည်မှု၊ ဥပမာ တချို့အဖွဲ့အစည်းများကို အခွင့်အရေးပေးရမည်၊ မပေးရမည်ကိုကန့်သတ်ထားခြင်း၊ ဥပမာ ကလေးလူငယ်သည် ထိုင်းနိုင်ငံသားဖြစ်ရမည်။ (သို့မဟုတ်) မိမိတို့၏မိ သားစုအတွင်းတွင် မည်မျှအခက်အခဲပြဿနာများ နှင့်ကြုံတွေ့နေစေကာမူမိဘများလည်း တခြားနည်း လမ်းများကိုရှာဖွေသင့်သည် ကးစားရမည်ဟူသော ခံယူချက်များကြောင့်ဖြစ်လေသည်။

ဆုဖုန်း နှင့် ကောင်ဇန်းထိုက်တို့ ဆက် ပြောသည်မှာ ပညာရေးရန်ပုံငွေကို မရရှိသည့် ကလေးများအတွက် အစိုးရမှ ချေးယူနိုင်သည့် ပညာသင်ထောက်ပံ့ ကြေးရန်ပုံငွေသည်ရှိပြီးသားဖြစ်ပြီး ပညာသင်ယူရန်အတွက် သီးသန့်ဖြစ်လေသည်။ ပို၍ကောင်း သည်မှာ ဤချေးငွေကို မိမိကျောင်းပြီးဘွဲ့ရသောခါမှ ပြန်လည်ပေးဆပ်နိုင်ခြင်းဖြစ်လေသည်။

မည်သို့ပင်ရှိစေကာမူ ယနေ့အချိန်အထိ ရွှေ့ပြောင်းအလုပ်သမားတို့၏သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးရံပုံငွေရရှိဖို့ဆိုသည့်ကိစ္စသည်တော်တော်ခက်ခဲနေသေး ကြောင်းတွေ့ရှိရသေးသည်။ ပညာရေးသည် ကလေးလူငယ်တိုင်းအတွက် အကျိုးရှိပြီး ပညာအရည်အချင်းဖွံ့ ဖြိုးတိုးတက်စေသည်။ ကလေးများ၏ အနာဂတ်အတွက် ရွေးချယ်နိုင်စရာနည်းလမ်းတစ်ခုဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူတို့မှ မိမိကလေးများကို အရည်အချင်းပြည့်စုံလာရန် အခက်အခဲကြားမှ စေရင်းနှီး မပ်နှံပေးသင့်သည်။ ကလေးလူငယ်တို့၏ အနာဂတ်ကို မျှော်ကိုးပြီး၊ သားသမီးမြေးမြစ်လေး များ ကျောင်းပညာသင်ယူလေ့လာနိုင်ရန် ပညာရေးကို အလေးပေးပြီး ကူညီစေချင်ပါသည်။

# ကလေးမွေးဖွားမှု မှတ်ပုံတင် စာရင်းပေးသွင်းရန် ပြင်ဆင်သင့်သည့်အရာများ

## ကလေးမှတ်ပုံတင်ပေးသွင်းခြင်းနှင့် သက်ဆိုင်သောဥပဒေ

■ ထိုင်းသာသနာသက္ကရာဇ် ၂၅၃၄ တွင် ထုတ်ပြန်သည့် အခြေခံဥပဒေအရ ပြည်သူ့လူဦးရေစာရင်းအတွင်း မွေးဖွားလာ သော ကလေးလူငယ်တိုင်း မွေးစာရင်း ထောရော ၁ ၁ ရရှိရမည်။


■ ကလေးမွေးဖွားလာသည်နှင့် အိမ်ရှင်သို့မဟုတ် ကလေးမိဘမှ ကလေးငယ်အတွက်နိုင်ငံလူဦးရေစာရင်းကို မွေးဖွားသည့်ရက်မှစ၍(၁၅) ရက်အတွင်း မွေးစာရင်းပေးတွင်းရမည်ဖြစ်သည်။ (၁၅)ရက်ထက်ကျော်လွန်သွားပါကနောက်ကျကြေးပေးသွင်းပြီးမွေးဖွားစာရင်းပြန် တောင်းနိုင်သည်။

## လူဦးရေစာရင်းပေးသွင်းခြင်း ဆိုတာဘာလဲ။

■ လူဦးရေစာရင်းပေးသွင်းခြင်းဆိုသည်မှာ ကလေးငယ်အား မွေးဖွားခဲ့သည့် ရက်မှစ၍ ထိုင်းနိုင်ငံအတွင်း၌ မွေးဖွားကြောင်း သက်သေအဖြစ်ထိုင်းအစိုးရသို့ မှတ်တမ်းတင်ခြင်းဖြစ်သည်။ စာရင်းပေးသွင်း ပြီးသည်နှင့် ကလေးငယ်သည် ထိုင်းနိုင်ငံ လူဦးရေစာရင်း၌ မှတ်တမ်းရှိနေခြင်းဖြစ်သည်။

## စာရင်းပေးသွင်းခြင်း အကျိုးကျေးဇူး

■ ယနေ့ခေတ်ထိုင်းနိုင်ငံအားပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ထိုင်းနိုင်ငံ၌ ရွှေ့ပြောင်းအလုပ်သမားတို့၏သားသမီးများသည် အလွန်များပြားစွာရှိနေသည်ကို တွေ့မြင်ကြရပေမည်။ တချို့ကလေးများသည် မွေးစာရင်းလက်မှတ်မရှိကြပဲ နေထိုင်နေကြသည်အဘယ့်ကြောင့်ဆိုသော် ကလေးငယ်အားမှတ်ပုံတင်စာရင်းပေးသွင်းရန် နည်းလမ်းမသိသောကြောင့် ဖြစ်သည်။ သို့မဟုတ် ထိုင်းအစိုးရသတင်းပြန်ကြားရေးဌာန၏ အားနည်းချက်လည်းဖြစ်နိုင်သည်။ ထို့ကြောင့် ကလေးမှတ်ပုံတင်စာရင်းပေးသွင်းခြင်းသည် ကလေးငယ်မည်သည့်နေရာတွင်မွေးဖွားသည်၊ မည်သည့်အချိန်တွင်မွေးဖွားသည်၊ ကလေးမိဘများသည် မည်သူမည်ဝါဖြစ်သည်၊ ကလေး၏ အခြေအနေမည်သို့ရှိကြောင်း






ကို သိရှိနိုင်ရန်ဖြစ်သည်။ မည်သည့်နိုင်ငံသားဖြစ်ကြောင်း မည်သည့်မိသားစုနှင့်အတူနေကြောင်း ဟူသည့် အထောက်အထားကိုသိရှိနိုင်ရန်နှင့်ကလေးငယ်၏ရရှိသင့်သောအခြေခံလူ့ အခွင့် အရေး (ဥပမာ) ကျန်းမာရေးဆိုင်ရာခံ စားခွင့်၊ ပညာရေးအခွင့်အရေးခံ စားခွင့်၊ ထိုင်းနိုင်ငံ၏ပြဌာန်းထားသော ဥပဒေဘောင်အတွင်းဝင်ရောက်ခံစားနိုင်ရန် ထိုင်းနိုင်ငံအစိုးရဘက်မှလည်းတာဝန် တစ်ရပ်ဖြစ်ပြီး မွေးဖွားလာသောကလေးငယ်အား အသိအမှတ်ပရမည်ဖြစ်သည်။ အထူးသဖြင့် ထိုင်းနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂတွင် ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာသဘောတူစာချုပ် လက်မှတ်ရေးထိုး ထားခြင်းဖြစ်သည်။

## စာရင်းပေးသွင်းသင့်သူများ

■ ထိုင်းနိုင်ငံအတွင်း နေထိုင်သည့် မိဘနှစ်ပါးမှမွေးဖွားသော ကလေးငယ်ဖြစ်ရမည်။

■ ထိုင်းနိုင်ငံအတွင်း တရားမဝင်သော မိဘနှစ်ပါးမှ မွေးဖွားသော ကလေးငယ်များသော်လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်း သတ်မှတ်ထားသည့်အချိန်ကာလမှစ၍မှတ်ပုံတင်ပြီး ယာယီနေထိုင်ခွင့်ရရှိသော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံမှ ထောရော ၃၈ ၁ နေထိုင်ခွင့်လက်မှတ်နှင့်အလုပ်လုပ်ခွင့်လက်မှတ် (သို့) တောင်ပေါ်ဌာ နေတိုင်းရင်းသားလက်မှတ်ရှိသူ၏ သား သမီးများ။

## မည်သည့်နေရာ၊ မည်သည့်အချိန်တွင် စာရင်းပေးသွင်းနိုင်သနည်း

ဆေးရုံတွင်မွေးဖွားသော ကလေးငယ်သည် ဆေးရုံမှမွေးဖွားပေးသောဆရာဝန် ထုတ်ပေးသော မွေးလက်မှတ်နှင့် ထောက်ခံသူတစ်ဦးဦးမှ ဤလက်မှတ်ယူ၍ နီးစပ်သော စာရင်းလက်ခံဌာနသို့ လူဦးရေစာရင်းတိုင်ရမည်ဖြစ်သည်။ ဥပမာ မြို့နယ်ရုံး သို့မဟုတ် မြို့နယ်စည်ပင်ရုံးသို့ (၁၅)ရက်အတွင်း စာရင်းပေးသွင်းရမည်ဖြစ်သည်။(၁၅)ရက်အတွင်း မွေးစာရင်း ပေးသွင်းရန် မမှီသောသူများသည် နောက်ကျသည့်သွားသည့်အချိန်ကာလအတွက် ဒဏ်ငွေ ၁၀၀၀ ဘတ်ပေးဆောင်ရမည်ဖြစ်သည်။

## မွေးစာရင်းသွင်းရန် လိုအပ်သောပြင်ဆင်ချက်

၁။ မိဘ၏နေထိုင်ခွင့်လက်မှတ် ထောရော ၃၈ ၁ မိတ္တူ

၂။ မိဘနှစ်ပါး ၏အလုပ်သမားကဒ်(စာရင်းပေးသွင်းသည့် အခါ မိခင်တစ်ဦးတည်းသွားနိုင်သည်။ သို့မဟုတ် တစ်စုံတစ်ယောက်က လည်းသွားရောက်စာရင်းပေး သွင်းနိုင်သည်။

၃။ ဆေးရုံရှိ ဆရာဝန်မှ ထုတ်ပေးသည့်လက်မှတ် (ထောရော ၁ ၁)

## မွေးစာရင်းပေးသွင်းရန် အဆင့်ဆင့်

၁။ ဆေးရုံတွင် မွေးဖွားသော ကလေးသည် မွေးဖွားပေးသော သူနာ ပ ဆရာဝန်မှ ထုတ်ပေးသောမွေးလက်မှတ် ထောရော (၁ ၁)၊ မွေးဖွားပေးသူထုတ်မပေးကဆေးရုံသို့ တောင်းဆိုခွင့်ရှိသည်။




၂။ ၄င်းနောက်ဆရာဝန်မှ ထုတ်ပေးသောမွေးလက်မှတ်ကိုယူပြီး နီးစပ်သည့် မြို့နယ်ရုံးသို့သွားပြီး စာရင်းသွင်းနိုင်သည်။

၃။ စာရင်းလက်ခံသူသည် ပထမဦးစွာစာရွက်စာတမ်းနှင့် အချက်အလက်အား စစ်ဆေးမည်ဖြစ်ပြီးအထောက် အထားမပြည့်စုံပါက မွေးလက်မှတ်မထုတ်ပေးမီလို အပ်သည်များကို မေးမြန်းမည်ဖြစ်သည်။ မိဘနှစ်ဦးသည်ထိုင်းစကားပြောတတ်ပါက အလွယ်တကူစာ ရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

## မွေးစာရင်း အမျိုးအစား

ထိုင်းနိုင်ငံ၌ မွေးစာရင်းအမျိုးအစား (၃) မျိုးရှိသည်။ သို့သော်ကလေးငယ်၏အခြေအနေသည် မိဘနှစ်ဦးအပေါ်တွင်မူ တည်သည်။


၁။ **ထောရော ၁ (ทร.1)** ထိုင်းနိုင်ငံသားဖြစ်သော မိဘနှစ်ပါးမှ မွေးဖွားသည့် မွေးစာရင်း။


၂။ **ထောရော ၂ (ทร.2)** ထိုင်းနိုင်ငံသားဖြစ်သော မိဘနှစ်ပါးမှ မွေးဖွားသည်။ (၁၅)ရက်ထက်လွန်မှ ပေးသွင်းသော မွေးစာရင်း။

၃။ **ထောရော ၃ (ทร.3)** ထိုင်းနိုင်ငံသားမဟုတ်သောမိဘနှစ် ပါးမှ မွေးဖွားသည့်မွေးစာရင်း။

| မိဘနှစ်ဦးအနက် တစ်ဦးက ထိုင်းနိုင်ငံသားဖြစ်လျှင် | | ရွှေ့ပြောင်းအလုပ်သမားကဒ်နှင့်ယာယီနေထိုင်ခွင့်လက်မှတ်ရှိသောမိဘများအတွက် | | (နေထိုင်ခွင့် လက်မှတ်မရှိသော) ရွှေ့ပြောင်းအလုပ်သမားမိဘများ | |
|---|---|---|---|---|---|
| ဆေးရုံ၌ မွေးဖွားခြင်း | ဆေးရုံပြင်ပ၌ မွေးဖွားခြင်း(အိမ်တွင်း၊ အိမ်ပြင်) | ဆေးရုံ၌ မွေးဖွားခြင်း | ပြင်ပ၌ မွေးဖွားခြင်း (အိမ်တွင်း အိမ်ပြင်) | ဆေးရုံ၌ မွေးဖွားခြင်း | ဆေးရုံပြင်ပ၌ မွေးဖွားခြင်း (အိမ်တွင်း၊အိမ်ပြင်) |
| ဆေးရုံမှ မွေးဖွား ကြောင်း ထောက်ခံစာထောရော ၁ ၁ လက်ခံရရှိခြင်း | ဆေးရုံမှပေးသော (ထောရော ၁ ၁) မရှိ | ဆေးရုံမှပေးသော ထောရော ၁ ၁ လက်ခံရရှိခြင်း | ဆေးရုံမှပေးသောမွေးစာရင်းထောရော ၁ ၁ မရှိ | ဆေးရုံမှပေးသောမွေးစာရင်းထောရော ၁ ၁ ရရှိ မည် | မွေးစာရင်း ထောရော ၁ ၁ မရရှိ၊ |
| မိခင် သို့မဟုတ် ဖခင်က ကလေးမွေးဖွားကြောင်း နီးစပ်ရာ မှနယ်ရုံးသို့စာရင်းပေးသွင်းခြင်း၊ | မိခင် သို့မဟုတ် ဖခင်က ကလေးမွေးဖွားကြောင်း နီးစပ်ရာ မှနယ်ရုံးသို့ စာရင်းပေးသွင်းခြင်း၊ | မိခင် သို့မဟုတ် ဖခင်က ကလေးမွေးဖွားကြောင်း နီးစပ်ရာ မှနယ်ရုံးသို့ စာရင်းပေးသွင်းခြင်း၊ | အိမ်ရှင် သို့မဟုတ် မိဘမှ ကလေးမွေးဖွားကြောင်း နီးစပ်ရာ မှနယ်ရုံး သို့ စာရင်း ပေးသွင်းခြင်း၊ | မိခင် သို့မဟုတ် ဖခင်က ကလေးငယ်မွေးဖွားကြောင်းနီးစပ်ရာ မှနယ်ရုံးသို့စာရင်းပေးသွင်းခြင်း၊ | အိမ်ရှင် သို့မဟုတ် မိဘမှ ကလေးမွေးဖွား ကြောင်း နီးစပ်ရာ မှနယ်ရုံးသို့စာရင်းပေး သွင်းခြင်း၊ |
| မှတ်ပုံတင်အရာရှိက မွေးစာရင်း (ထောရော ၁) ထုတ်ပေးခြင်း၊ရက်လွန်လျှင် (ထောရော ၂) ထုတ်ပေးခြင်း | မှတ်ပုံတင်အရာရှိကစာရွက်စာတမ်းနှင့်သက်သေအထောက်အထားကို စစ်ဆေးမေးမြန်း၍ မွေး စာ ရင်းထောရော ၁ သို့မဟုတ် ထောရော ၂ ထုတ်ပေးခြင်း။ | မှတ်ပုံတင်အရာရှိက (ထော ရော ၃) (ထိုင်းနိုင်ငံသား မဟုတ်သော မွေး စာရင်းကို ထုတ် ပေး မည်။) | မှတ်ပုံတင်အရာရှိက (ထောရော ၃) ထိုင်းနိုင်ငံသား မဟုတ် သော မွေး စာရင်းကို ထုတ် ပေးမည်။ | မိဘတွင်သေခံအထောက်အထားမရှိ၍ မှနယ်ရုံးကမွေးစာရင်း မထုတ်ပေးနိုင်ပါ။ | မိဘတွင်သက်သေအထောက်အထားမရှိ၍ မှနယ်ရုံးကမွေးစာရင်း မထုတ် ပေးနိုင်ပါ။ |

| | | | | | |
|---|---|---|---|---|---|
| မွေးစာရင်း ထောရော ၁။ သို့မဟုတ် ထောရော ၂ ရမည်။ | မှတ်ပုံတင်အရာရှိက မွေးစာရင်း (ထောရော ၁) သို့မဟုတ် (ထောရော၂) ထုတ်ပေးခြင်း | မွေးလက်မှတ် (ထောရော ၃) | မွေးလက်မှတ် (ထောရော ၃) | ကလေးမွေးစာရင်း (ထောရော၁ ၁) | အထောက်အထား ကင်းမဲ့ခြင်း |
| ကလေးသည် ထိုင်းနိုင်ငံသားဖြစ်သည်။ | မွေးစာရင်း ထောရော ၁ သို့မဟုတ် ထောရော ၂ ရရှိမည်။ | ထိုင်းနိုင်ငံသား ဖြစ်၊ မဖြစ်ခြင်းသည် မိဘနှစ်ပါး၏ လက်မှတ်အခြေအနေတွင်မူတည်သည်။ | ထိုင်းနိုင်ငံသား ဖြစ်မဖြစ် မိဘနှစ်ပါး၏လက်မှတ်အခြေအနေတွင် မူတည်သည်။ | ထိုင်းနိုင်ငံသား ဖြစ်ပိုင်ခွင့်မရခြင်း | ကလေးငယ်၏အခြေအနေရှာဖွေမရခြင်း |
| | ကလေးသည် ထိုင်းနိုင်ငံသားဖြစ်သည်။ | ထိုင်းနိုင်ငံသားဖြစ်ခွင့်မရသော်လည်း အနည်းဆုံးမွေးစာရင်းရှိသဖြင့် ထိုင်းနိုင်ငံသားဖြစ်နိုင်ခွင့်အလားအလာရှိသည်။ | ထိုင်းနိုင်ငံသားဖြစ်ခွင့်မရသော်လည်း အနည်းဆုံး မွေးစာရင်းရှိသဖြင့် ထိုင်းနိုင်ငံသားဖြစ်နိုင်ခွင့်အလားအလာရှိသည်။ | မွေးစာရင်း (ထောရော၁ ၁)မိမိ၏ နောက်ခံသမိုင်းကြောင်းနှင့် အရင်းအမြစ်ကို ရှာဖွေပေးနိုင်က ထိုင်းနိုင်ငံသား ဖြစ်ပိုင်ခွင့်ရှိသည်။ | နိုင်ငံသားမဲ့၊လူမျိုးမဲ့ကလေးငယ်ဖြစ်ခြင်း။ |


ဒါကတော့ သမီးရဲ့မွေးဖွားကြောင်း
ထောက်ခံစာဖြစ်ပါတယ်။ သမီးကို
မွေးပေးလိုက်တဲ့ဆေးရုံက
ပေးလိုက်တာပါ။
ท.ร. 1/1 ตอนที่ 1
หนังสือรับรองการเกิด


ဒါကတော့ မွေးစာရင်းဖြစ်ပါတယ်၊
မနုဿသိပ္ပံကထုတ်ပေးလိုက်တာပါ။
အရေးကြီးတယ်နော်၊
သေချာသိမ်းထား။
สูติบัตร
เลขที่ 178/2548 วันที่ 1 กันยายน 2548
00-5007-106090-1
4 ตุลาคม 2547
16:57
00-5007-102302-0
25
36

ဒါကတော့ မဲဆောက်ခရိုင်၊ မယ်တော် ကျောင်းသားဆေးခန်းက ထုတ်ပေးတဲ့ မွေးလက်မှတ် ဖြစ်ပါတယ်။ ဒီစာရွက်ကိုယူပြီး မဲ့နယ်ရုံးမှာ မွေးစာရင်းသွားတင်ရပါတယ်။ မွေးမွေးချင်း (၁၅) ရက်အတွင်းမှာ သွားပေးရတယ်။ အဲဒီထက်နောက်ကျရင် မဲ့နယ်ရုံးက ထုတ်မပေးတော့ဘူး၊ သူတို့က မွေးဖွားကြောင်း ထောက် ခံစာ လက်ခံရရှိတဲ့အကြောင်း စာရွက်ပဲပေးမှာဖြစ်တယ်။

069

**MAETAO CLINIC**
701 Moo 1, Intarakiri road, Tha Sai Luad Sub district
Mae Sot District, Tak Province 63110
Tel:(055)563-644/ Fax:(055)544-655

**Birth Certificate**
**မွေးဖွားခြင်းမှတ်တမ်း**

Issue No/အမှတ်စဉ်- 3404 Date of Issue/ထုတ်ပေးသောရက်စွဲ 1/8/06. Mon - day

| | | |
|---|---|---|
| Baby ကလေး | Name/အမည် မချစ်နှင်းဝေ | Sex/လိင် Male-ကျား/Female-မ ☐ L☐ — RN- 22809.06 ဆေးရုံမှတ်ပုံတင်အမှတ် |
| | Date of Birth မွေးသက္ကရာဇ် Day- 31 နေ့ Month- 7 လ | Year- 06. နှစ် Time- 7:30 Am. အချိန်နာရီ Day ☐ နေ့ Night ☐ ည |
| | Place of Birth-မွေးဖွားသည့်နေရာ 701 Moo 1, Intarakiri road, Tha Sai Luad Sub districe, Mae Sot, Tak, Thailand | |
| | Single Born တစ်ဦးတည်းမွေးခြင်း ☐ / Twin Born အမွှာမွေးခြင်း Two ၂-ယောက် ☐ Three ၃-ယောက် ☐ Four ၄-ယောက် ☐ | Series no. of Twin Born အမွှာမွေးခြင်း နံပါတ်စဉ် First ပထမ ☐ Second ဒုတိယ ☐ Third တတိယ ☐ |
| Family Status မိသားစု အချက်အလက် | Father's name/ဖခင်အမည် - Zaw Thuat. | Mothrer's name/မိခင်အမည် - Cho lay. |
| | ID No/မှတ်ပုံတင်အမှတ် 0063901044213. | ID No/မှတ်ပုံတင်အမှတ် - |
| | Ethnicity/Nationality-လူမျိုး - Burmese. | Ethnicity/Nationality-လူမျိုး - Burmese. |
| | Religion/ကိုးကွယ်သည့်ဘာသာ - Buddhist. | Religion/ကိုးကွယ်သည့်ဘာသာ - Buddhist. |
| | Address/နေရပ်လိပ်စာ - Was kin. | Address/နေရပ်လိပ်စာ - Was kin. |
| Birth Attendant မွေးဖွားသူ | Name/အမည် - July Paw B | Signature/လက်မှတ် - July Paw (B). |
| Delivery Record မွေးမှတ်တမ်း | Mother မိခင် Type of delivery/မွေးဖွားပုံ Normal. | Baby ကလေး Birth Weight/မွေးကင်းစကလေးချိန် 2.55 kg. |
| | | Height/အရပ် 50 cm. |
| | | Head circumference/ခေါင်းလုံးပတ် 31 cm. |
| | Birth Complication/မွေးဖွားခြင်းနောက်ဆက်တွဲပြဿနာ no. | Congenital defect/မွေးရာပါချို့ယွင်းချက် no. |



Baby's foot Print (Right)/ကလေး၏ညာခြေဖဝါး



Mother's finger Print (Right)
မိခင်၏ညာလက်ဗွေ



Father's finger Print (Right)
ဖခင်၏ညာလက်ဗွေ

Issued by မွေးဖွားမှတ်တမ်း ထုတ်ပေးသူ

Name/အမည် Eh moo Lah.

Signature/လက်မှတ် [signature]

Title/ရာထူးအဆင့် mid - wife.

Mae Tao Clinic

ဒီစာအုပ်ကတော့ ကိုယ်ဝန်ဆောင် မိခင် တွေ ဗိုက်သွားအပ်တဲ့အခါ ဆေးရုံက ထုတ်ပေးတဲ့မိခင်နှင့်ကလေး စာအုပ်ဖြစ်ပါတယ် ကျန်းမာရေးတိုး တက်မှုဇယားကာကွယ်ဆေးမှတ်တမ်း စတဲ့ အရေးကြီးတဲ့အချက်တွေပါဝင် တယ်။ ကလေးကိုဆေးရုံသွားပြတဲ့အ ခါတိုင်း ယူသွားရမှာဖြစ်ပါတယ်။




## ခူးရပူရီဆေးရုံကို မက်(ပ်)ရုံးက ပေးပို့ထားတဲ့စာ

တစ်ဖက်စာမျက်နှာမှာပါတဲ့စာကတော့ခူးရပူရီဆေးရုံကို မက်(ပ်)ရုံးက ပေးပို့ထားတဲ့စာပဲ ဖြစ်တယ်။ ဒီစာပေးပို့ရခြင်းအကြောင်းကတော့ အရင်တုန်းက အဲဒီဆေးရုံဟာ ရွှေ့ပြောင်းအလုပ်သမားတွေက မွေးလာတဲ့ကလေးတွေကို မွေးဖွားကြောင်း သက်သေခံလက်မှတ် မထုတ်ပေးခဲ့ဘူး၊ အလုပ်သမား အများစုဟာ မက်(ပ်)ရုံးကို အကြောင်းကြားတဲ့အတွက် သက်ဆိုင်ရာက ထုတ်ပြန် ထားတဲ့ ပြဋ္ဌာန်းချက်ကို ကိုးကားပြီး တောင်းဆိုထားတာဖြစ်တယ်၊ ဆေးရုံကထောက်ခံစာရပြီးတဲ့ နောက်ပိုင်း မြနယ်ရုံးမှာ မွေးစာရင်းသွားတင်နိုင်တယ်။ ဌာနဆိုင်ရာနဲ့ စကားပြောတဲ့အခါ တချို့အလုပ်သမားတွေအနေနဲ့ အခက်အခဲရှိရင် မက်(ပ်)ရုံးကို ဆက်သွယ် အကူအညီ တောင်းနိုင်ပါတယ်။

**MAP Foundation for the Health and Knowledge of Ethnic Labour**

**มูลนิธิเพื่อสุขภาพและการเรียนรู้ของแรงงานกลุ่มชาติพันธุ์**

มูลนิธิเพื่อสุขภาพและการเรียนรู้ของแรงงานกลุ่มชาติพันธุ์ MAP FOUNDATION

**No human being is illegal**

วันที่ 1 กันยายน พ.ศ. 2548

เรื่อง ขอความร่วมมือให้ท่านออกหนังสือรับรองการเกิดแก่ลูกของแรงงานข้ามชาติ

เรียน ผู้อำนวยการโรงพยาบาลคุระบุรี

มูลนิธิเพื่อสุขภาพและการเรียนรู้ของแรงงานกลุ่มชาติพันธุ์เป็นองค์กรพัฒนาเอกชนที่ตั้งขึ้นมาเพื่อสาธารณะประโยชน์โดยไม่แสวงหาผลกำไร โดยมีจุดประสงค์เพื่อเผยแพร่ข้อมูลข่าวสารด้านสุขภาพ การทำกิจกรรมเพื่อส่งเสริมสิทธิทางการศึกษาและสิทธิแรงงาน ฯลฯ ที่เป็นภาษาของแรงงานข้ามชาติในประเทศไทย เพื่ออำนวยความสะดวกและส่งเสริมให้แรงงานเกิดความตระหนักถึงการใช้สิทธิต่างๆ ที่พึงได้รับตามกฎหมายและแนวทางสิทธิมนุษยชน

ทางมูลนิธิฯได้รับการติดต่อขอความช่วยเหลือจากแรงงานข้ามชาติ ชาวพม่าในพื้นที่จังหวัดพังงา ถึงกรณีที่มีเด็กลูกแรงงานข้ามชาติพม่าจำนวนหนึ่งได้คลอดที่โรงพยาบาลคุระบุรี แต่ยังไม่ได้รับหนังสือรับรองการเกิดจากทางโรงพยาบาล

ทั้งนี้โดยตระหนักถึงความสำคัญของการจดทะเบียนการเกิด ที่ผ่านมาหน่วยงานที่เกี่ยวข้องในประเทศไทยได้มีการดำเนินการดังนี้คือ สำนักบริหารการทะเบียน ส่วนการทะเบียนราษฎร กรมการปกครอง กระทรวงมหาดไทย ออกหนังสือ ที่ มท.0310.1/6984 ลงวันที่ 22 พฤษภาคม 2545 ถึงปลัดกระทรวงสาธารณะสุข เพื่อประสานงานให้สถานพยาบาลของรัฐออกหนังสือรับรองการเกิดให้กับเด็กที่คลอดที่สถานพยาบาลในทุกกรณี รวมถึงกรณีที่พ่อแม่เป็นผู้หลบหนีเข้าเมืองโดยผิดกฎหมาย นอกจากนี้ สำนักงานปลัดกระทรวงมหาดไทย ออกหนังสือที่ มท 0204.2/1731 ลงวันที่ 26 พฤษภาคม 2546 ถึงผู้ว่าราชการจังหวัดแม่ฮ่องสอน ตาก กาญจนบุรี และราชบุรี และที่ มท0204.2/5676 ลงวันที่ 26 พฤษภาคม 2546 ถึงประธานคณะกรรมการประสานงานองค์การช่วยเหลือผู้ลี้ภัยในประเทศไทย กำหนดให้องค์กรที่ทำงานด้านสุขภาพในศูนย์ที่พักพิงผู้หลบหนีภัยการสู้รบจากประเทศพม่า มีหน้าที่ในการออกหนังสือรับรองการเกิดให้แก่เด็กที่เกิดในศูนย์ฯดังกล่าว

การจดทะเบียนการเกิดเป็นสิ่งที่สำคัญมากสำหรับเด็กที่เกิดมาเพราะเป็นการรับรองการมีตัวตนโดยรัฐที่เด็กเกิด รวมถึงเพื่อประโยชน์ในการเข้าถึงสิทธิและการคุ้มครองต่างๆ และได้รับโอกาสในการพัฒนา และการมีส่วนร่วมในเรื่องต่างๆที่เกี่ยวข้องกับตนเอง รวมถึงข้อผูกพันของรัฐไทยในการจดทะเบียนการเกิด ซึ่ง เป็นสิทธิขั้นพื้นฐานของมนุษย์ และได้รับการรับรองในกติกาสากลว่าด้วยสิทธิพลเมืองและสิทธิทางการเมือง และอนุสัญญาว่าด้วยสิทธิเด็กของสหประชาชาติ ที่ประเทศไทยเป็นภาคีสมาชิก

รวมทั้งการทำงานที่ผ่านมาทางมูลนิธิฯได้ประสานงานกับหน่วยงานต่างๆที่เกี่ยวข้องและสามารถทำให้เด็กลูกแรงงานข้ามชาติและแรงงานกลุ่มชาติพันธุ์ในจังหวัดเชียงใหม่สามารถรับใบรับรองการเกิดและสูติบัตรแล้ว จำนวนกว่า 8 ราย และนอกจากนี้ ที่อำเภอตะกั่วป่า ทางมูลนิธิฯได้ประสานงานกับโรงพยาบาลตะกั่วป่า และที่ว่าการอำเภอตะกั่วป่า ทำให้ลูกแรงงานพม่าได้รับใบรับรองการเกิดแล้วจำนวน 18 ราย และสามารถนำไปทำสูติบัตรในกรณีที่บิดาหรือมารดาของเด็กมีบัตรประจำตัวชั่วคราว ได้แล้วจำนวน 11 ราย

ทางมูลนิธิฯจึงหวังเป็นอย่างยิ่งว่าจะได้รับความร่วมมือจากทางโรงพยาบาลคุระบุรีในการออกหนังสือรับรองการเกิด เพื่อจะได้นำไปติดต่อขอรับสูติบัตรจากที่ว่าการอำเภอคุระบุรีต่อไป

จึงเรียนมาเพื่อขอความร่วมมือและโปรดพิจารณาดำเนินการ

ขอแสดงความนับถือ

นายสุทธิพงศ์ คงคาผล

(ผู้ประสานงาน โครงการด้านสุขภาพและการศึกษา)

มูลนิธิเพื่อสุขภาพและการเรียนรู้ของแรงงานกลุ่มชาติพันธุ์

63/30 Umong Soi 4 Moo 8
A.Moung Chiangmai
50200 THAILAND
Tel/Fax: 66 53 811 202
Email:map@mapfoundationcm.org

63/30 ซอยวัดอุโมงค์ 4 หมู่ 8
อ.เมือง จ.เชียงใหม่ 50200
โทร/แฟกซ์: 053 811 202
Email: map@mapfoundationcm.org

P.O. Box 7 Chiangmai University A.moung
Chiangmai
50200 THAILAND
Tel/Fax: 66 53 811 202
Email: map@mapfoundationcm.org

ตู้ ปณ. 7 มหาวิทยาลัยเชียงใหม่
อ.เมือง จ.เชียงใหม่ 50200
โทร/แฟกซ์: 053 811 202
Email: map@mapfoundationcm.org

ထုတ်ဝေသည့်နေ့ရက် မေလ ၂၀၀၇
ထုတ်ဝေသူ MAP Foundation
P.O.Box 7
Chiangmai University
Chaingmai 50202
Tel/fax: 053 811 202
Email: map@mapfoundationcm.org
Design & layout: MAP Media Support Unit
စုဆောင်းသူ ဟာထိုင်းရတ် မော်ပိုး (MAP, AAA အဖွဲ့)

Copyright MAP Foundation 2007
First print 2,000 copies

Printed in Thailand by Prachakorn Business co.
146/106-7 mahidol rd. T. Tasala Chiangmai 50000
Tel: 053 308 771-2
Fax: 053 308 773
Email: pprint@asia.com

# æ pbÓfGuf;wm ;Swfpåm

# လူထိုင်းအတွက် ပညာရေး

ဒီစာအုပ်ကို ဖတ်ပြီးရင် အောက်ပါမေးခွန်းများကို ဖြေဆိုပြီး အကြံပြုဆွေးနွေးတင်ပြနိုင်ပါတယ်။ အဖြေတွေကို ကျေးဇူးပြုပြီး စာအုပ်ထုတ်ဝေတဲ့အဖွဲ့ဆီ ပြန်လည်ပေးပို့စေလိုပါတယ်။

ဖြေဆိုသူအမည် ————————— အသက် —————————

ကျား  မ ————————— ဆက်သွယ်ရန်နေရပ်လိပ်စာ —————————————————

————————————————————————————————————

————————————————————————————————————။

၁) ဒီစာအုပ်အဆင်အပြင်နဲ့ ရုပ်ပုံတွေအပေါ် သင့်ရဲ့ဝေဖန်သုံးသပ်ချက်။

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————။

၂) ဒီစာအုပ်ထဲက အချက်အလက်တွေဟာ သင့်ကိုအကျိုးပြုပါရဲ့လား။ ဘယ်လိုအကျိုးပြုပါသလဲ။

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————။

၃) ဒီအကြောင်းအရာအားလုံးထဲက စိတ်အဝင်စားဆုံးခေါင်းစဉ်နဲ့ ဘာ့ကြောင့် စိတ်ဝင်စားပါသလဲ။

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————။

၄) သင့်အတွက် အသစ်အဆန်းဖြစ်နေတဲ့ အကြောင်းအရာရှိပါသလား။

၅) ပညာရေးနဲ့ပတ်သက်ပြီး နောက်ထပ်ဘာအကြောင်းသိလိုပါသလဲ။

၆) သင့်မိသားစုမှာ လူဘယ်နှစ်ယောက်ရှိသလဲ၊ ကျောင်းမတက်ရတဲ့ကလေးရှိပါသလား၊ ဘာကြောင့် မတက်ရပါသလဲ။

၇) အခြားအကြံ ပ ဆွေးနွေးချက်များ။

MAPFoundation

PO. Box 7
Chiangmai University
Chiangmai 50202



MAP Foundation

**มูลนิธิเพื่อสุขภาพและการเรียนรู้ของแรงงานกลุ่มชาติพันธุ์**

P.O Box 7,
Chiangmai University,
Chiangmai 50202,
Thailand
Tel/Fax 053 811 202
Email: map@mapfoundationcm.org
Website: www.mapfoundationcm.org